# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (11-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၆၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆပ်ကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ **စာမျက်နှာ ၁၈ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# MSME လုပ်ငန်းများ တိုးတက်အောင်အားပေးမြှင့်တင်

မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် မိမိနိုင်ငံ စီးပွားရေးခိုင်မာတောင့်တင်းစေရန် နိုင်ငံအလိုက် စီးပွားရေးမူဝါဒများ ချမှတ်ကျင့်သုံးလျက်ရှိသည်ကို တွေ့ရပေသည်။ ထို့ပြင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ တိုးတက်အောင် အားပေးလျက်ရှိသည်ကိုလည်း တွေ့ရပေသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံ၏ GDP မြင့်မားလာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများ ရောင်းအားမြင့်တက်ရန် အရည်အသွေးပြည့်မီသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး အားပေးမြှင့်တင်ကြရမည်ဖြစ်ပေသည်။

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်ချမှတ်ကျင့်သုံးဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုအသီးအပွင့်များစွာ တွေ့မြင်နေရပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဦးတည်ချက် (၉)ရပ်အနက် စီးပွားရေးဦးတည်ချက်တွင် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအချက်ပါဝင်သည်။ အဆိုပါဦးတည်ချက်အတိုင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

**"နိုင်ငံအတွက် လိုအပ်သည့်ထုတ်ကုန်များကို အပြည့်အဝထုတ်လုပ်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးနေရန်လိုကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများတိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊"** စက်တင်ဘာ ၂၉ ရက်က ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၅/ ၂၀၂၃) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထည့်သွင်းပြောကြားခဲ့သည်။

ထိုသို့အားပေးဆောင်ရွက်ရာတွင် MSME လုပ်ငန်းများအတွက် ကုန်ကြမ်းများရရှိရေး၊ လိုအပ်သည့် ငွေကြေးများရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးတို့အပါအဝင် လိုအပ်ချက်များကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဖြည့်ဆည်းပေးလျက်ရှိပြီး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားမှုများ၊ တိုက်တွန်းအားပေးမှုများကို ပြုလုပ်ပေးခဲ့ရာ MSME စီးပွားရေးလုပ်ငန်းများအတွက် ကြီးမားသည့် အင်အားကိုဖြစ်ပေါ်စေရာ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များအထူးကြိုးပမ်းဆောင်ရွက်ကြရေး လိုအပ်ပေသည်။ သို့မှသာ MSME စီးပွားရေးလုပ်ငန်းများတိုးတက်အောင်မြင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများသာမက နိုင်ငံ့စီးပွားလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများသည် နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အခြေခံကျသောလုပ်ငန်းများဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# သီတင်းကျွတ်ကာလတွင် မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းများမှ ယာဉ်အသင်းများ စနစ်တကျပြေးဆွဲနိုင်ရေး စစ်ဆေးကြပ်မတ်မည်



သီရိမန္တလာအဝေးပြေးယာဉ်ရပ်နားစခန်းကို တွေ့ရစဉ်။

**မန္တလေး အောက်တိုဘာ ၁၀**

သီတင်းကျွတ်ကာလတွင် မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းများမှ ခရီးသည်တင်ဆောင်ပြေးဆွဲမည့် ယာဉ်အသင်းများ စနစ်တကျပြေးဆွဲနိုင်ရေး အောက်တိုဘာလ တတိယပတ်မှစ၍ စစ်ဆေးကြပ်မတ်မည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မကြာမီ သီတင်းကျွတ်ကာလသို့ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် သီတင်းကျွတ်ကာလ ရုံးပိတ်ရက်များတွင် မန္တလေးမြို့ရှိ ချမ်းမြေ့ပြည် အဝေးပြေးယာဉ်ရပ်နားစခန်း၊ သီရိမန္တလာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ ဒေါနဘွား အဝေးပြေးယာဉ်ရပ်နားစခန်းစသည့် အဝေးပြေးယာဉ်ရပ်နားစခန်းများမှ ခရီးသည်တင်ဆောင်ပြေးဆွဲမည့် ယာဉ်အသင်းများ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျပြေးဆွဲနိုင်ရေး ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သီတင်းကျွတ်ကာလ ရုံးပိတ်ရက်မှာ မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းတွေကနေ လိုက်ပါစီးနင်းပြီး နေရပ်ပြန်မဲ့ခရီးသည်တွေ များမှာပါ။ ဒါကြောင့် ခရီးသည်တွေကို ယာဉ်အသင်းတွေအနေနဲ့ အရင်ကဈေးနှုန်းထက် ယာဉ်လက်မှတ်ခ ပိုတောင်းခံတာတွေအပြင် သတ်မှတ်ထားတဲ့စည်းကမ်းချက်တွေ လိုက်နာမှုရှိ၊ မရှိကို အောက်တိုဘာလ တတိယပတ်ကစပြီး စစ်ဆေးကြပ်မတ်သွားမှာပါ" ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြသည်။

ထိုသို့ စစ်ဆေးကြပ်မတ်ရာတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ အဝေးပြေးယာဉ်ရပ်နားစခန်းများမှ အုပ်ချုပ်ရေးမှူးများ စသည့်ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးကြပ်မတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်း ငါးခုတွင် ယာဉ်အသင်းရေ ၅၀၀ ကျော်၊ ယာဉ်အစီးရေ ၁၀၀၀ ကျော်ဖြင့် ခရီးသည်များကို လိုက်ပါပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း သီတင်းကျွတ်ကာလအတွက် ဆီမီးခွက်များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေး ဈေးကွက်အတွင်း သီတင်းကျွတ်ကာလအတွက် ဆီမီးခွက်များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့ရှိ မြေထည်၊ စဉ့်ထည် လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးအောင်မျိုးက ပြောပြ၍ သိရသည်။

မကြာမီ မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်ကာလသို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ သီတင်းကျွတ်ကာလတွင် ဘုရားစေတီ၊ ပုထိုးများနှင့် နေအိမ်များတွင်လည်း ဘုရားရှင်ကို ဆီမီးများဖြင့် ပူဇော်လေ့ရှိကြကြောင်း၊ ထို့ကြောင့် ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ဆီမီးခွက်များ စတင်ရောင်းချလျက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလတ်တလောတော့ မန္တလေးမြို့က ဈေးတွေနဲ့ ရပ်ကွက်တွေထဲမှာရှိတဲ့ စတိုးဆိုင်တွေအပါအဝင် အခြားကုန်စုံဆိုင်တွေကလဲ သီတင်းကျွတ်ကာလမှာ ဆီမီးခွက်တွေ တစ်ဆင့်ပြန်လည်ရောင်းချနိုင်အောင် မှာယူတာတွေများလာပါတယ်။ ဆီမီးခွက်တွေက ပုံစံမျိုးစုံရှိပြီး ဈေးနှုန်းကလဲအစားစားရှိပါတယ်" ဟု ဦးအောင်မျိုးက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ရောင်းချနေသည့် ဆီမီးခွက်များမှာ ရိုးရိုးဆီမီးခွက်၊ ဆေးရောင်စုံဆီမီးခွက်၊ ဆေးပန်းခြယ်ဆီမီးခွက် စသဖြင့် အမျိုးမျိုးရှိပြီး ရိုးရိုးဆီမီးခွက် တစ်ခွက်လျှင် ငွေကျပ် ၁၀၀၊ ဆေးရောင်စုံဆီမီးခွက် တစ်ခွက်လျှင် ငွေကျပ် ၁၅၀ စသည်ဖြင့် ဈေးနှုန်းအစားစားရှိကြောင်း သိရသည်။

"သီတင်းကျွတ်ကာလ ဘုရားမှာ ဆီမီးပူဇော်ဖို့အတွက် ဆီမီးခွက် ၂၀၀၀၊ ဆီမီးခွက် ၁၀၀၀ ဆိုပြီး ကြိုတင်မှာယူထားတာတွေလဲရှိပါတယ်။ ဈေးနှုန်းကတော့ တက်သွားဖို့မရှိပါဘူး။ အခုရောင်းနေတဲ့ ပုံမှန်ဈေးနှုန်းအတိုင်းပဲ ရောင်းပေးမှာပါ။ မန္တလေးဈေးကွက်အတွင်း အခုကတည်းက ကြိုမှာတာဆိုတော့ အရောင်းအဝယ် တော်တော်လေးကောင်းမွန်ပါတယ်"ဟု ဦးအောင်မျိုးက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အင်းလေးဒေသမှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် အင်းလေးဒေသမှ ဝင်ရောက်လာသည့်ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသမှထွက်ရှိပြီး မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ၂၅ စီးမှ အစီးရေ ၃၀ ထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ဈေးနှုန်းများမှာလည်း အင်းသီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် အမျိုးအစားအလိုက် ငွေကျပ် ၂၆၀၀၀ မှ ၂၇၀၀၀ ထိ ရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဘက်က ခရမ်းချဉ်သီးတွေ မန္တလေးဈေးကွက်ကို အများဆုံးဝင်ရောက်လာတာပါ။ မြေပြန့်ဒေသကထွက်တဲ့ ခရမ်းချဉ်သီးတွေက ဝင်ရောက်မှုမရှိသလောက် နည်းသွားပါပြီ။ အင်းသီးက အထားလဲခံတော့ ဈေးကောင်းရရှိနေပါတယ်။ တစ်နေ့ကို အင်းလေးဒေသဘက်ကနေ ခရမ်းချဉ်သီး ခြောက်ဘီးကား ၂၅ စီးကနေ အစီးရေ ၃၀ ထိ ပုံမှန်ဝင်ရောက်နေပါတယ်။ ခရမ်းချဉ်သီးတွေက ဈေးကောင်းပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ အခြားကုန်စိမ်းသီးနှံတွေလဲ အရောင်းအဝယ် ကောင်းနေပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ခရမ်းချဉ်သီးအပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ အာလူး စသည့်သီးနှံများလည်း အရောင်းအဝယ် ကောင်းနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိတ္ထီလာမြို့နယ် တောမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် တောမကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေး၊ အခြားမိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောမကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မအူပင်မြို့နယ် ဖိုးစံကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မအူပင် အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖိုးစံကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမနားကီးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဖိုးစံကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မအူပင်မြို့နယ် ဖိုးစံကျေးရွာ၌ အရှည်ပေ ၁၇၅၀၊ အကျယ် လေးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့်မိုဘိုင်းဆိုလာစနစ်ဖြင့် ရေသန့်စင်စနစ် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာမနားကီးက ပြောပြ၍ သိရသည်။

**ကျော်ဦး**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၄၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၀၁၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၃၃၄၇ ဧက စိုက်ပျိုးပြီးစီးပြီကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင်မှာ မိုးမြေပဲ ၃၃၀၁၆ ဧက စိုက်ပျိုးဖို့ လျာထားတာ ၃၃၃၄၇ ဧကစိုက်ပျိုးပြီးစီးပါပြီ။ မြေပဲဧကလျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၁၀၅ ဧက၊ ကနီမြို့နယ်တွင် ၂၉၃၈၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၅ ဧက၊ ပုလဲမြို့နယ်တွင် ၆၈ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၇၈၂ ဧက၊ ကနီမြို့နယ်တွင် ဧက ၂၉၃၈၀၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၆ ဧက၊ ပုလဲမြို့နယ်တွင် ၆၈ ဧက ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မြေပဲစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး စသည့်စိုက်ပျိုးရေးနည်းပညာများကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၃၀၀၀၊ ကနီမြို့နယ်တွင် ဧက ၁၈၇၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၀၀၉၄ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၁၀၀၀ စုစုပေါင်း ၃၂၇၉၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကံမမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**ကံမ အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေနံ့သာကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ဆီထွက်သီးနှံစိုက်ပျိုးသောစီမံကိန်းအသင်းဝင် တောင်သူများလိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေနံ့သာကျေးရွာရှိ ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူ ၇၆ ဦးကို ငွေကျပ် ၁၀ ဒသမ ၀၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အိမိုးမိုး**

# ကွတ်ခိုင်မြို့နယ် တုံဆင်လုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကွတ်ခိုင် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ဟိုနောင်ကျေးရွာအုပ်စု တုံဆင်လုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်နှင့် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် မြို့နယ်အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင်များနှင့်အတူ တုံဆင်လုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကွတ်ခိုင်မြို့နယ် တုံဆင်လုံကျေးရွာ၌ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ယခုနှစ် စက်တင်ဘာလ တတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပါက တုံဆင်တုံကျေးရွာရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက် အချိန်တိုနှင့်သက်သာစွာဖြင့် ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**



# ပျူမြို့ပြများ၏ ကာကွယ်ရေးစနစ်များ

မောင်သာ(ရှေးဟောင်းသုတေသန)



ဟန်လင်းမြို့ဝင်ပေါက်(ကုန်းအမှတ်-၁၁)ကို တွေ့ရစဉ်။

ကျောက်ခေတ်၊ ကြေးခေတ်နှင့် သံခေတ်ကို ဖြတ်ကျော်ပြီးနောက် မြန်မာနိုင်ငံတွင် ပျူခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့ချိန်သည် လွန်ခဲ့သော နှစ် ၂၀၀၀ ဝန်းကျင်ကဖြစ်သည်။ ပျူများတည်ထောင်ခဲ့သည့် မြို့ပြနိုင်ငံငယ်များတွင် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့သည် အထင်ရှားဆုံးဖြစ်၍ ပျူမြို့ဟောင်းများအဖြစ် ယနေ့တိုင်တည်ရှိနေပေသည်။

**ပျူမြို့ပြတည်ထောင်မှုစနစ်များ**

တူးဖော်တွေ့ရှိမှုများအရ ပျူများသည် မြို့ပြများကို တည်ထောင်ခဲ့ရာတွင် မြို့ရိုး၊ မြို့ဝင်ပေါက်၊ ကျုံးနှင့် နန်းတော်ရာတို့ကို ထည့်သွင်းတည်ဆောက်ခဲ့ကြသည်။ ပျူများသည် မြို့ပြအများစုကို ရေအရင်းအမြစ်ရရှိနိုင်သည့် မြစ်ချောင်း၊ အင်းအိုင်ကြီးများအနီးတွင်တည်ခဲ့ကြသော်လည်း ၎င်းတို့နှင့် အလွန်နီးကပ်သည့်နေရာတွင် မတည်ခဲ့ခြင်းသည် လုံခြုံရေးအမြင်ကြောင့်ဟု ယူဆရပေသည်။ ပျူများသည် ရေလမ်းကြောင်းမှ အလွယ်တကူလာရောက်နိုင်သည့် ရန်သူများကို ဟန့်တားနိုင်ရန် ရေလမ်းကြောင်းနှင့် အတန်ငယ်လှမ်းသည့်နေရာတွင် မြို့ပြများကို တည်ထောင်ခဲ့ကြသည်။ ထိုသို့တည်ထောင်ရာတွင် မြို့ပြလုံခြုံမှုကိုဦးစားပေးကာ မြို့ပြအဝန်းအဝိုင်းကို မြို့ရိုးနှင့် ကျုံးများဖြင့် ပတ်ကာ ကာကွယ်မှုပြုခဲ့ကြသည်။

သံခေတ်နှောင်းပိုင်းတွင် ထူထောင်ခဲ့သည့် ရွာများကိုစုစည်း၍ မြို့ပြများကိုတည်ထောင်ခဲ့ရာတွင် မြို့တည်ဆောက်မှုပုံသဏ္ဌာန်သည် လေးထောင့်၊ အဝိုင်း၊ ဘဲဥပုံ စသည်ဖြင့် ကွဲပြားခဲ့သည်။ သို့သော် မြို့ပြတစ်ခု၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ရေအရင်းအမြစ်နှင့် မြို့ပြကာကွယ်ရေးကို အဓိကဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ မြို့ပြအတွင်း၌ နန်းတော်၊ ဘာသာရေးအဆောက်အအုံများ၊ ရေတွင်းရေကန်နှင့် လူနေအိမ်ခြေများကို ထည့်သွင်းတည်ဆောက်ခဲ့ကြသည်။ မြို့ပြအတွင်းရှိ လူနှင့်အဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန် မြို့ပြကာကွယ်ရေးအစီအမံများကို ပြုလုပ်ခဲ့ကြသည်။

**ရှေးခေတ်မြို့ အရံအတားများ**

မြန်မာနိုင်ငံတွင် ပျူခေတ်မှစတင်၍ မြို့ပြများကို တည်ထောင်ခဲ့ရာ မြို့ပြဧရိယာကို မြို့ရိုးတံတိုင်းများဖြင့် နယ်နိမိတ်ကန့်သတ်ခဲ့ကြသည်။ မြို့ရိုးအတွင်းပိုင်းသည် မြို့ဧရိယာဖြစ်၍ ယေဘုယျအားဖြင့် မြေကြီးဖြင့်လည်းကောင်း၊ အုတ်ဖြင့်လည်းကောင်း၊ သစ်ဖြင့်လည်းကောင်း ပြုလုပ်ခဲ့ကြပြီး စတုရန်းပုံ၊ ထောင့်မှန်စတုဂံပုံ၊ မှန်ကူကွက်ပုံ၊ စက်ဝိုင်းပုံ၊ ဗဟုဂံပုံ စသည်ဖြင့် ပုံသဏ္ဌာန်များကွဲပြားကြသည်။

ရှေးမြန်မာမြို့ဟောင်းများတွင် မြို့ရိုးများနှင့်အတူ ကျုံးများကိုပါ ထည့်သွင်းတည်ဆောက်လေ့ရှိခဲ့သည်။ ကျုံးသည် ညွန်ကျုံး၊ ရေကျုံးနှင့် အခြောက်ကျုံးဟူ၍ သုံးမျိုးရှိသည်။ ညွန်ကျုံးများကို ရန်သူများ မြို့တွင်းသို့ ဝင်ရောက်လာပါက ညွန်များအတွင်းသို့ ကျွံကျနစ်မြုပ်သွားစေရန် ပြုလုပ်ကြသည်။ ညွန်ကျုံးသည် နက်ရှိုင်းကျယ်ပြန့်စွာ တူးဖော်ထားသော ရှုံးကန်ထွက်ပြေးရန် မလွယ်ကူသည့်အတားအဆီးတစ်ခုဖြစ်သည်။

အခြောက်ကျုံးသည် မြို့တော်အတွင်းသို့ ရန်သူများ ဝင်ရောက်ကျူးကျော်မှုကို ဟန့်တားနိုင်ရန် သစ်ငုတ်၊ သစ်ချွန်း၊ ဆူးငြောင့်များကို ခလုတ်ချိုင့်ဝှမ်းများဖြင့် ပြုလုပ်ထားသည့် မြေပြင်ကျယ်ဖြစ်သည်။ ရေကျုံးသည်ကား မြို့ရိုးပတ်လည်တွင် ကျယ်ဝန်းသော မြောင်းကြီးများတူးဖော်ကာ ရေများထည့်သွင်းထားသည့် အရံအတားဖြစ်ပေသည်။ ပျူမြို့ပြများတွင် မြို့ဧရိယာအတွင်း၌ ပြည်သူများနေထိုင်ခဲ့သည့် အထောက်အထားများကို တွေ့ရှိခဲ့ရသည်။ ကုန်းဘောင်ခေတ် မန္တလေးမြို့ကိုတည်ခဲ့စဉ်က မြို့ရိုးလေးဖက်အတွင်း၌ တော်ဝင်မိသားစုများနှင့် မင်းမှုထမ်းများနေထိုင်ခဲ့ကာ ပြည်သူများက မြို့ရိုးပြင်ပရှိ မြို့ကွက်များတွင် နေထိုင်ခဲ့ကြသည်။

**မြို့ရိုးများ**

ရှေးအခါက လူနေမှုအဝန်းအဝိုင်းများကို အရံအတားပြုရာတွင် မြို့ရိုးအဖြစ် ဆူးခက်များဖြင့် ကာရံခဲ့ကြသည်။ နောက်ပိုင်းတွင် ဆူးခက်များထက် ပိုမိုလုံခြုံမှုရှိသည့် မြေမြို့ရိုးကို အသုံးပြုခဲ့ကြသည်။ သစ်တပ်များသုံးစွဲလာချိန်တွင် သစ်လုံးများကို မြို့ရိုးများအဖြစ် အခိုင်အမာတည်ဆောက်ခဲ့ကြပြန်သည်။ အဆင့်အမြင့်ဆုံးမြို့ရိုးကို အုတ်နှင့် အင်္ဂတေ သုံးစွဲပြုလုပ်လာချိန်တွင် မြို့ရိုးသည် တောင့်တင်းခိုင်မာ၍ လုံခြုံမှုပိုမိုရရှိခဲ့ကြသည်။

ပျူခေတ်မြို့ပြများအားလုံးနီးပါးတွင် အုတ်ဖြင့်ပြုလုပ်ထားသည့် မြို့ရိုးများကို တွေ့ရှိနိုင်ကြသည်။ ပျူမြို့ဟောင်းများတွင် မြို့ရိုးနှစ်ထပ်တည်ဆောက်ခဲ့မှုကို တွေ့ရှိနိုင်ကာ မြို့ရိုးပတ်လည်တွင် ရေကျုံးကို ထည့်သွင်းတည်ဆောက်ခဲ့သည်။ သရေခေတ္တရာ တူးဖော်မှုများတွင် တောင်ဘက်နှင့် အနောက်ဘက်၌ မြို့ရိုးနှစ်ထပ်တွေ့ရှိခဲ့သည်။ ထို့အတူ မြို့ဟောင်းအရှေ့တောင်ဘက်တွင် မြို့ရိုးသုံးထပ်ရှိခဲ့ကြောင်း တွေ့ရှိခဲ့ရပေသည်။ ဗိဿနိုးမြို့ဟောင်းတွင်လည်း မြို့ရိုးအရံအတားငါးခု(တူးဖော်မှုကုန်းအမှတ်-၁၆၊ ၂၃၊ ၂၅) ကို တွေ့ရှိခဲ့ရပေသည်။ ဗိဿနိုးအုတ်မြို့ရိုးသည် စတုဂံပုံဖြစ်၍ နေရာအများစုသည် ပျက်စီးနေပြီဖြစ်သည်။ ဗိဿနိုးတူးဖော်မှုကုန်းအမှတ်-၁၆ သည် မြောက်ဘက်မြို့ရိုးဖြစ်၍ အုတ်ရိုး ၃ ရှစ်ပေကျယ်သည်။ ကျောက်ဆည်လွင်ပြင်မှ ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် ပင်လယ်(မိုင်းမော)တွင် မြို့ရိုးပတ်လည်သည် ငါးမိုင်နှင့် လေးဖာလုံရှည်လျားသည်။ ကုန်းအမှတ်-၁၉ တူးဖော်မှုတွေ့ရှိချက်များအရ ပင်လယ်မြို့ဟောင်းမြို့ရိုးအမြင့်သည် ၁၅ ပေမှ ပေ ၂၀ ထိရှိနိုင်ကြောင်း သုံးသပ်ခဲ့သည်။ မြို့ရိုးသုံးထပ်ရှိခဲ့သည့် အထောက်အထားကို ၂၀၀၈ ခုနှစ်တွင် GPS စနစ်ဖြင့် တိုင်းတာသိရှိခဲ့သည်။

**မြို့ဝင်ပေါက်များ**

မြို့ရိုးများတွင် မြို့ဝင်ပေါက်များကို ဖောက်လုပ်ခဲ့ကြရာ ၎င်းတို့ကို သရေခေတ္တရာနှင့် ဟန်လင်းတွင် အထင်အရှားမြင်နိုင်သည်။ အချို့မြို့ဟောင်းများတွင် မြို့ရိုးနှင့် မြို့ဝင်ပေါက်များသည် ကုန်းမို့သာသာမျှသာ ကျန်ရှိတော့သည်။ ရှစ်မိုင်နှင့် ငါးဖာလုံရှည်လျားသည့် သရေခေတ္တရာမြို့ရိုးတွင် တံခါးကြီး ၃၂ ပေါက်နှင့် တံခါးငယ် ၃၃ ပေါက်ရှိခဲ့သည်ဟု ဆိုကြသည်။ သို့သော် ယနေ့ထိ တူးဖော်တွေ့ရှိထားသည့် မြို့ဝင်ပေါက်သည် ၉ ပေါက် (နတ်ပေါက်နှင့် နဂါးတွန့်ပေါက်) တို့ဖြစ်ကြသည်။ ထူးခြားမှုအနေဖြင့် သရေခေတ္တရာ မြို့ဝင်ပေါက်များဖြစ်သည့် တွင်းဖြူနှင့် နဂါးတွန့်တွင် ကျောက်စာတိုင်တစ်ခုစီကို တွေ့ရှိခဲ့သည်။ တွင်းဖြူမြို့ဝင်ပေါက်မှ တွေ့ရှိခဲ့သည့် ကျောက်စာတိုင်အကျိုးပေါ်တွင် အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် အသုံးပြုခဲ့သည့် ရှေးစာများဖြင့် ရေးထိုးထားသော ရတနသုတ်ကို တွေ့ရသည်။ ထို့ကြောင့် သရေခေတ္တရာကိုတူးဖော်ခဲ့သူ ရှေးဟောင်းသုတေသနပညာရှင် ဦးစိန်မောင်ဦးက သရေခေတ္တရာ မြို့ဝင်ပေါက်တိုင်းတွင် ကျောက်တိုင်တစ်ခုစီစိုက်ထူခဲ့ဖွယ်ရှိကြောင်း သုံးသပ်ခဲ့သည်။

နဂါးတွန့်မြို့ဝင်ပေါက်အပြင်ဘက်တွင် မြို့ရိုးအုတ်နံရံနှင့်ကပ်လျက်အောက်ခြေတွင် စိုက်ထားသည့် သံမယ်နကြီးခုနစ်ချောင်းနှင့် တောင်ဘက်မြို့ရိုးပေါ်တွင် စိုက်ထားသည့် သံမယ်နကြီးတစ်ချောင်းတို့သည် ဘေးရန်ကာဆီးသည့်အလေ့တစ်ခုဟု ယူဆရဖွယ်ရှိခဲ့ပေသည်။

ဗိဿနိုးမြို့ဟောင်းတွင် မြို့ဝင်ပေါက်သုံးခု (တူးဖော်မှုကုန်းအမှတ်-၈၊ ၁၃၊ ၁၅) ကို တွေ့ရှိခဲ့ရကာ ဝင်ပေါက်လက်တံများကျန်ရှိနေသည်။ တူးဖော်မှုကုန်းအမှတ်-၈ သည် နန်းတော်ရာ၏ ထောင့်မှန်ချိုးပုံစံ၊ အရှေ့ဘက် နန်းမြို့ရိုးဝင်ပေါက်ဖြစ်သည်။ တူးဖော်မှုကုန်းအမှတ်-၁၃ သည် ဗိဿနိုးမြို့တွင်းသို့ဝင်သည့် ဝင်ပေါက်ဖြစ်၍ မြို့ဝင်ပေါက်လက်တံနှစ်ခုသည် ပေ ၂၀ ကျယ်သည်။ တူးဖော်မှုကုန်းအမှတ်-၁၅ သည်လည်း မြို့ဝင်ပေါက်ဖြစ်၍ ဝင်ပေါက်လက်တံသည် ပေ ၈၀ ရှည်လျားသည်။ ဟန်လင်းမြို့ဟောင်းတွင်လည်း မြို့ရိုးနှင့် မြို့ဝင်ပေါက်များကို တူးဖော်မှုကုန်းအမှတ်-၃၊ ၄၊ ၁၀၊ ၁၁ တို့တွင် တွေ့ရှိရသည်။ ဟန်လင်းတူးဖော်မှုကုန်းအမှတ်-၃ သည် အရှေ့အနောက်တန်းနေကာ ၃၂ မီတာရှည်သည့် မြို့ရိုးဖြစ်၍ ကုန်းအမှတ်-၄ သည် ကိုးမီတာရှည်သည့် တောင်ဘက်မြို့ရိုးဖြစ်သည်။ တူးဖော်မှုကုန်းအမှတ်-၁၀ သည် မြို့ဝင်ပေါက်ပင်ဖြစ်ကာ ဝင်ပေါက်လက်တံနှစ်ခုအနက် အရှေ့ဘက်လက်တံသည် ၄၆ မီတာနှင့် အနောက်ဘက်လက်တံသည် ၅၉ မီတာရှည်လျားသည်။ တူးဖော်မှုကုန်းအမှတ်-၁၁ သည် မြို့ဝင်ပေါက်ကြီးဖြစ်၍ ဝင်ပေါက်မြောက်ဘက်လက်တံသည် မီတာ ၅၀ နှင့် တောင်ဘက်လက်တံသည် ၆၇ မီတာ ရှည်လျားကြောင်း တွေ့ရှိရပေသည်။

ကျန်ပျူမြို့ဟောင်းများတွင် မြို့ဝင်ပေါက်များရှိသော်လည်း သရေခေတ္တရာမြို့ဝင်ပေါက်များလောက် အမည်နှင့်တကွ ထင်ရှားခြင်းမရှိချေ။ နန်းတော်ရာများ၊ ပျူခေတ်ကတည်ထောင်ခဲ့သည့်မြို့ပြများတွင် အုပ်စိုးသူတို့နေထိုင်သည့် နန်းတော်ရာများရှိခဲ့သည်။ နန်းတော်ရာများသည် မြို့အချက်အချာအကျဆုံးနှင့် လုံခြုံမှုအရှိဆုံးနေရာတွင်တည်ရှိကာ နန်းတော်ရာနေရာကို အုတ်တံတိုင်း၊ ကျုံးတို့ဖြင့် ပတ်ထားလေ့ရှိရာ အတွင်း၊ အပြင်အုတ်ရိုးနှစ်ထပ်ရှိခဲ့သည်။ သရေခေတ္တရာတူးဖော်မှုများတွင် နန်းတော်ရာကုန်း ၁၄ ခု (ကုန်းအမှတ်-၁၂၊ ၂၄၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၃၊ ၄၁၊ ၄၄၊ ၄၅၊ ၄၆၊ ၄၈၊ ၄၉၊ ၆၆)ကို တွေ့ရှိခဲ့ရသည်။

ဗိဿနိုးမြို့ဟောင်းတူးဖော်မှုများတွင် နန်းတော်ရာနှင့်အတူ နန်းတော်ရာအုတ်ရိုးတံတိုင်း အစိတ်အပိုင်းများကို ကုန်းအမှတ် KKG-19၊ KKG -20၊ KKG-25၊ BTO-3၊ BTO-4 နှင့် BTO-7 တွင် တွေ့ရှိခဲ့ရသည်။

ဟန်လင်းမြို့ဟောင်းတူးဖော်မှုများတွင်လည်း နန်းတော်ရာများကို ကုန်းအမှတ် HL-1၊ HL-2၊ HL- 6၊ HL-7 နှင့် HL-36 တို့တွင် တွေ့ရှိရသည်။ ပင်လယ်(မိုင်းမော)မြို့ဟောင်းတွင် နန်းတော်ရာကုန်းသည် ကုန်းအမှတ် PL-21 ဖြစ်ကာ ၎င်းနန်းတော်ရာများသည် တစ်ချိန်က အုပ်စိုးသူများနေထိုင်အုပ်ချုပ်ခဲ့သည့် နေရာများဖြစ်ခဲ့ကြသည်။ ပျူမြို့ဟောင်းနန်းတော်ရာနေရာများတွင် ပန္နက်ရာများ၊ အုတ်ရိုးများ သာမက အသုံးအဆောင်ပစ္စည်းမျိုးစုံကိုလည်း တူးဖော်တွေ့ရှိခဲ့ကြသည်။

တစ်ချိန်က ရှေးဟောင်းပျူမြို့တော်များဖြစ်ခဲ့ကြသည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့သည် နေရာဒေသသီးခြားစီဖြစ်သော်လည်း မြို့ကာကွယ်ရေးစနစ်ဖြစ်သည့် မြို့ရိုးအရံအတားများပုံစံသည် တူညီနေကြသဖြင့် ဗိသုကာလက်ရာများသည် ဆက်သွယ်နီးနွှယ်လျက်ရှိကြောင်း သရေခေတ္တရာမြို့ဟောင်းစာတမ်းတွင် ရေးသားဖော်ပြထားသည်။

မည်သို့ပင်ဆိုစေ ပျူများသည် မြို့ပြများကို တည်ထောင်ခဲ့ရာတွင် ကာကွယ်ရေးစနစ်ကို အခိုင်အမာတည်ဆောက်ခဲ့ကြောင်း ကြွင်းကျန်နေသည့် အထောက်အထားများက ပြသနေပေသည်။

❖ ကျုံးသည် ညွန်ကျုံး၊ ရေကျုံးနှင့် အခြောက်ကျုံးဟူ၍ သုံးမျိုးရှိသည်။ ညွန်ကျုံးများကို ရန်သူများ မြို့တွင်းသို့ဝင်ရောက်လာပါက ညွန်များအတွင်းသို့ ကျွံကျနစ်မြုပ်သွားစေရန် ပြုလုပ်ကြသည်။ ညွန်ကျုံးသည် နက်ရှိုင်းကျယ်ပြန့်စွာတူးဖော်ထားသော ရှုံးကန်ထွက်ပြေးရန် မလွယ်ကူသည့်အတားအဆီးတစ်ခုဖြစ်သည်။ အခြောက်ကျုံးသည် မြို့တော်အတွင်းသို့ ရန်သူများဝင်ရောက်ကျူးကျော်မှုကို ဟန့်တားနိုင်ရန် သစ်ငုတ်၊ သစ်ချွန်း၊ ဆူးငြောင့်များကို ခလုတ်ချိုင့်ဝှမ်းများဖြင့် ပြုလုပ်ထားသည့် မြေပြင်ကျယ်ဖြစ်သည်။ ❖

**ကိုးကား**

- ရှေးဟောင်းမြန်မာ့မြို့တော်များ (ဦးအောင်သော်အပါအဝင် ငါးဦး)
- ဟန်လင်းမြို့ဟောင်းတူးဖော်မှုမှတ်တမ်း(ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန)
- ဗိဿနိုးမြို့ဟောင်းတူးဖော်မှုမှတ်တမ်း(ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန)

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၄၂၆ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၄၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးအောင်က ပြောပြ၍ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၄၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက်ဧက ၂၄၀၀ လျာထား စိုက်ပျိုးနေပြီး ဟင်းသီးဟင်းရွက် ၂၄၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့တယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးနည်းစနစ်တွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၁၉၁၆ ဧက၊ ကျွန်းလှမြို့နယ်တွင် ဧက ၅၁၀ စုစုပေါင်း ၂၄၂၆ ဧကဖြစ်ကြောင်း၊ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်များမှာ မုန်ညင်း၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ဟင်းခတ်အမွှေးအကြိုင်၊ အာလူး၊ ခရမ်း၊ ပန်းမုန်လာ၊ ရုံးပတီတို့ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များတိုးချဲ့စိုက်ပျိုးရေး၊ GAP စနစ်ဖြင့်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက် ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ပြင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် ဟင်းသီးဟင်းရွက်ကို ကန့်ဘလူမြို့နယ်တွင် ၇၄၂၄ ဧက၊ ကျွန်းလှမြို့နယ်တွင် ၅၇၄ ဧက စုစုပေါင်း ၇၉၉၈ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးအောင်ထံမှ သိရသည်။

(၂၀၆)



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

# ငဖဲမြို့နယ် ပြန်ကြည့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ငဖဲ အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပြန်ကြည့်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပြန်ကြည့်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၅ သိန်း စုစုပေါင်းငွေကျပ် ၁၈၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

**ငင်မာ**

## တရားလက်ကိုင် တို့ပန်းတိုင်

- သုံးဆယ့်တစ်ဘုံ သဟာဆွေအပေါင်းတို့
မာစေကြောင်း ဆုပန်ခြွေ၊
လောကဓံ အခက်အခဲကိုလည်း
လက်တွဲကျော်ပေ၊
ဘယာဘေး ဝေးကွာစေ
တွေးပါလေ ကုသိုလ်တရား၊
နိဗ္ဗာန်ကို အရောက်မြန်းဖို့
လျှောက်လှမ်းစို့လား။

- သင်ကိုယ်တိုင် အသိတရားကိုလ
သတိထားလို့ ဆင်ခြင်ပါ၊
လောကဓံ ကောင်းအဆိုး
ကြောင်းကျိုးဖွေရှာ၊
သက်တမ်းက ခဏတာ
ဘဝမှာ အောင်မြင်ရေး၊
တရားကို ပွေ့ကာဖက်လို့
ရှေ့ဆက်စို့လေး။

- ကောင်းနိုးရာ အမြင်ပေးမှ
ဘဝင်အေး စိတ်ကြည်လင်၊
မေတ္တာရယ် အမှန်ကိုပေးလျက်
သံချိုတေးလွင်၊
သစ္စာထားကြ အမြဲမပျက်ပင်
တွဲလက်အစဉ် ခိုင်မာလို့၊
ပြုသည့်ကံ တိုးပွားလှအောင်ပ
ရိုးသားကြစို့။

- တွေးဆကာ အကြောင်းရှာပို့ပါလို့
ကောင်းရာသို့ ဦးတည်မယ်၊
နောင်တစ်ခေတ်ဝယ် မိုးဝလာထက်
ဖြိုးဖြာလျက်ကြွယ်၊
လူကြီးဘဝ အစလူငယ်
ပရကူသယ် စိတ်မှာနိုး၊
အတ္တဖယ် အမှောင်ဖျက်ကာဖြင့်
(အများအကျိုးကို)
ဆောင်ရွက်သယ်ပိုး။

**မင်းသူရိန်(သာကီနွယ်)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## နျူကလီးယားစမ်းသပ်ရန် အမေရိကန်ပြင်ဆင်နေကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ထုတ်ဖော်ပြောကြား

**မော်စကို အောက်တိုဘာ ၁၀**

နီဗားဒါးပြည်နယ်နေရာတစ်ခု၌ နျူကလီးယားဖောက်ခွဲစမ်းသပ်မှု ပြုလုပ်ရန် အမေရိကန်နိုင်ငံက စီစဉ်နေသည့် လက္ခဏာများကို တွေ့နေရကြောင်း ရုရှားအစိုးရ တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

သို့သော် အမေရိကန်နိုင်ငံက နျူကလီးယားစမ်းသပ်မှုများ စတင်မှသာ ရုရှားနိုင်ငံကလည်း ကိုယ်ပိုင်နျူကလီးယားစမ်းသပ်မှုများပြုလုပ်မည်ဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂေးယက်ဘ်ကော့ဗ်က ရုရှားအောက်လွှတ်တော်၌ ထုတ်ဖော်ပြောကြားထားသည်။

လက်ရှိအချိန်တွင် ရုရှားအောက်လွှတ်တော်သည် နိုင်ငံတကာ နျူကလီးယားဖောက်ခွဲစမ်းသပ်မှု ပိတ်ပင်ရေးသဘောတူညီချက်အား အတည်ပြုထားမှုကို ပြန်လည်ပယ်ဖျက်ရေးအတွက် ဆွေးနွေးလျက်ရှိသည်။

အမေရိကန်နိုင်ငံ အနေဖြင့် နီဗားဒါးပြည်နယ် တစ်နေရာ၌ နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုအတွက် ပြင်ဆင်မှုများပြုလုပ်နေသောလက္ခဏာများကို မိမိတို့တွေ့မြင်ထားရကြောင်း ရုရှားဒုတိယ နိုင်ငံခြားရေးဝန်ကြီးက အောက်လွှတ်တော်၌ တင်ပြခဲ့ကြောင်း သိရသည်။

ရုရှားလွှတ်တော် အမတ်များသည် နိုင်ငံတကာနျူကလီးယားစမ်းသပ်မှုပိတ်ပင်ရေးသဘောတူညီချက်အား အတည်ပြုထားမှုကို မည်သို့ ပြန်လည်ပယ်ဖျက်မည်ဆိုသောအချက်နှင့်ပတ်သက်၍ ၁၀ ရက်အတွင်း လေ့လာဆွေးနွေးအဖြေရှာရမည်ဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုပြုလုပ်ရန် လိုအပ်နိုင်ခြေရှိမရှိကိုလတ်တလောမပြောနိုင်သေးဟု ရုရှားသမ္မတပူတင်က ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO



## ဆန်ဖရန်စစ္စကိုရှိ တရုတ်ကောင်စစ်ဝန်ရုံးကို အမျိုးသားတစ်ဦး မော်တော်ယာဉ်ဖြင့် ဝင်တိုက်

**နယူးယောက် အောက်တိုဘာ ၁၀**

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ရှိ တရုတ်ကောင်စစ်ဝန်ရုံး၏ ပြည်ဝင်ခွင့်ဗီဇာဌာနကို အမျိုးသားတစ်ဦးက အောက်တိုဘာ ၉ ရက်တွင် မော်တော်ယာဉ်ဖြင့် ဝင်တိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်ကို မောင်းနှင်သည့် အမျိုးသားမှာ ရဲတပ်ဖွဲ့၏ ပစ်ခတ်တားဆီးမှုကြောင့် ဆေးရုံပေါ်တွင် သေဆုံးခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရုတ်ကောင်စစ်ဝန်ရုံး ပြည်ဝင်ခွင့်ဗီဇာဌာန မော်တော်ယာဉ်ဝင်တိုက်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဆန်ဖရန်စစ္စကိုရဲတပ်ဖွဲ့က တရားဝင်အသေးစိတ်အချက်အလက်များ သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

အခင်းဖြစ်ပွားချိန်တွင် တရုတ်ကောင်စစ်ဝန်ရုံး ပြည်ဝင်ခွင့်ဗီဇာရုံးအတွင်း လူမည်ရွေ့မည်မျှရှိသည်ကို မသိရသေးကြောင်း အမေရိကန်ရဲတပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။

အမျိုးအမည်မသိ အမျိုးသားတစ်ဦး၏မော်တော်ယာဉ်ဖြင့် ဝင်တိုက်မှုကြောင့် ပြည်ဝင်ခွင့်ဗီဇာရုံးအတွင်းရှိ ဝန်ထမ်းများနှင့် အခြားသူများ၏ လုံခြုံရေးအတွက် ဘေးအန္တရာယ်လွန်စွာ ကြီးမားခဲ့ကြောင်း တရုတ်ကောင်စစ်ဝန်ရုံးက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ဆန်ဖရန်စစ္စကိုရဲတပ်ဖွဲ့သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ တရုတ်ကောင်စစ်ဝန်ရုံးမော်တော်ယာဉ်ဖြင့် ဝင်တိုက်ခံရမှုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အစ္စရေးကို ဟားမစ်အုပ်စုတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီ ပြောကြား



**တီဟီရန် အောက်တိုဘာ ၁၀**

ဂါဇာကမ်းမြောင် အခြေစိုက် ဟားမစ်အုပ်စုက အစ္စရေးနိုင်ငံအား ဝင်ရောက်တိုက်ခိုက်မှုတွင် အီရန်နိုင်ငံပါဝင်ပတ်သက်မှုမရှိကြောင်း အီရန်ခေါင်းဆောင် အယာတိုလာ အလီခါမေနီက အောက်တိုဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

သို့သော် အစ္စရေး၏ စစ်ရေးနှင့်ထောက်လှမ်းရေးအရ အထိနာခဲ့ရမှုအတွက် ဟားမစ်အုပ်စုကို အလီခါမေနီက ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သိရသည်။

ဟားမစ်အုပ်စုကို လက်နက်တပ်ဆင်ပေးခြင်းဖြင့် အကြမ်းဖက်မှုများကို အားပေးနေကြောင်း အစ္စရေးနိုင်ငံက အီရန်နိုင်ငံကို ရှေးယခင်ကပင် စွပ်စွဲခဲ့သည်။

ထို့အတူ အစ္စရေးကို တရားဝင်အသိအမှတ် ပြုထားခြင်းမရှိသည့် အီရန်နိုင်ငံကလည်း ဟားမစ်အုပ်စုကို စိတ်ဓာတ်ရေးရာနှင့် ငွေကြေးအရ အားပေးထောက်ခံထားသည်။

ဟားမစ်အုပ်စုက အစ္စရေးကို တိုက်ခိုက်ရာတွင် အီရန်နိုင်ငံအနေဖြင့် သွယ်ဝိုက်ပါဝင်နေကြောင်း အမေရိကန်နိုင်ငံကစွပ်စွဲထားသော်လည်း ယင်းစွပ်စွဲချက်ကို အီရန်ခေါင်းဆောင် အယာတိုလာ အလီခါမေနီက ယနေ့တွင် ငြင်းပယ်ခဲ့သည်။

အမေရိကန်နိုင်ငံ အနေဖြင့် သက်သေအထောက်အထား ပြသခြင်းမရှိဘဲ အီရန်ကို အဆိုပါအတိုင်း စွပ်စွဲထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## မော်ရိုကိုနိုင်ငံ အာရ်အေအမ်လေကြောင်းလိုင်းကုမ္ပဏီက လေယာဉ်သစ်အစင်း ၂၀၀ ဝယ်ယူရေးအတွက် တင်ဒါခေါ်ယူမည်

**ရာဘတ် အောက်တိုဘာ ၁၀**

မော်ရိုကိုနိုင်ငံ၏ အာရ်အေအမ်လေကြောင်းလိုင်းသည် ၁၀ နှစ်အတွင်း လက်လွှဲပေးအပ်ရမည့် လေယာဉ်သစ် အစင်း ၂၀၀ ဝယ်ယူရေးအတွက် ယခုနှစ်ကုန်တွင် တင်ဒါခေါ်ယူမည် ဖြစ်ကြောင်း အောက်တိုဘာ ၉ ရက်သတင်းများအရ သိရသည်။

၂၀၃၀ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမကျင်းပမီ လာရောက်မည့် ဘောလုံးပရိသတ်များကို ဝန်ဆောင်မှု ပေးနိုင်ရေးအတွက် လေယာဉ်သစ်အစင်း၂၀၀ဝယ်ယူရန် အာရ်အေအမ်လေကြောင်းလိုင်းက စီစဉ်ထားခြင်းဖြစ်သည်။

အာရ်အေအမ် လေကြောင်းကုမ္ပဏီသည် အဓိကအားဖြင့် ကိုယ်အရွယ်အစားအလယ်အလတ်ရှိ လေယာဉ်အများစုကို ဝယ်ယူရန် စီစဉ်ထားသည်။

သို့သော် တဖြည်းဖြည်းဖွံ့ဖြိုးအားကောင်းလာသည့် မြောက်အာဖရိကလေကြောင်းဈေးကွက်၌ ယှဉ်ပြိုင်နိုင်ရေးအတွက် အလျားရှည်သည့်ကိုယ်ထည်လေယာဉ်များနှင့် အလျားတိုသည့် ကိုယ်ထည်လေယာဉ်များကိုပါဝယ်ယူရန် စီစဉ်ထားသည်။

အာရ်အေအမ် ကုမ္ပဏီသည် ၂၀၃၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုရည်မှန်း၍ လက်ရှိလေယာဉ်အရေအတွက် အစင်း ၅၀ကို လေးဆတိုးရန် မျှော်လင့်ထားသည်။

အာဖရိက၏ အကြီးဆုံးလေကြောင်းလိုင်းများထဲတွင်ပါဝင်သော အာရ်အေအမ်လေကြောင်းလိုင်းသည် လက်ရှိအချိန်တွင် အာဖရိက လေဆိပ်ပေါင်း ၅၀ နှင့် ချိတ်ဆက်ပျံသန်းလျက်ရှိကြောင်း သိရသည်။

Ref : The Strait Times
Trs : KKO




## ဂါဇာနယ်စပ်တစ်လျှောက်ကို အစ္စရေးစစ်ဘက် ပြန်လည်ထိန်းချုပ်နိုင်ကြောင်း ကြေညာ

**ဂျေရုဆလင် အောက်တိုဘာ ၁၀**

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခကာလ ၇၅ နှစ်တာကာလအတွင်း အပြင်းထန်ဆုံး လေကြောင်းတိုက်ခိုက်မှုဖြင့် ဂါဇာကမ်းမြောင်ကို တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာနယ်စပ်တစ်လျှောက်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ယနေ့တွင် ကြေညာခဲ့သည်။

ဂါဇာအခြေစိုက် ဟားမစ်အုပ်စု၏ တိုက်ခိုက်မှုကို လက်စားချေတုံ့ပြန်မည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ကြေညာထားသည်။

ဟားမစ်အုပ်စုဝင် လက်နက်ကိုင်များသည် အောက်တိုဘာ ၇ ရက်တွင် နယ်စပ်ဖြတ်၍ အစ္စရေးမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ အစ္စရေးနိုင်ငံအတွက် သမိုင်းတစ်လျှောက်အသေအပျောက်အများဆုံး တိုက်ပွဲတစ်ပွဲဖြစ်ခဲ့ရသည်။

ယနေ့ထိ လေးရက်ကြာမြင့်ခဲ့ပြီဖြစ်သော တိုက်ပွဲများအတွင်း အစ္စရေးနိုင်ငံအတွင်း၌ သေဆုံးသူဦးရေ ၉၀၀ထိ ရှိလာကြောင်း အစ္စရေးမီဒီယာများ၏ အဆိုအရ သိရသည်။

ထို့ပြင် အစ္စရေး၏ တုံ့ပြန်တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်၌ လူပေါင်း ၇၀၀ နီးပါး သေဆုံးခဲ့ရသည်။

လက်ရှိအချိန်တွင် ဂါဇာဒေသရှိ ဦးရေ ၁၈၀၀၀၀တို့မှာ အိုးမဲ့အိမ်မဲ့ ဘဝရောက်ခဲ့ပြီဟု ကုလသမဂ္ဂက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ယူကလစ်အာကာသယာဉ်က လမ်းပြကြယ်များကို ပြန်လည်တွေ့ရှိခဲ့ပြီးနောက် စူးစမ်းလေ့လာရေးလုပ်ငန်းများ လုပ်ဆောင်နေပြီဖြစ်



**ပဲရစ် အောက်တိုဘာ ၁၀**

ဥရောပ အာကာသအေဂျင်စီ၏ ယူကလစ်အာကာသယာဉ်သည် လမ်းပြကြယ်များကို ပြန်လည်တွေ့ရှိခဲ့ပြီးနောက် စူးစမ်းလေ့လာရေးလုပ်ငန်းများ လုပ်ဆောင်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

ဥရောပအာကာသအေဂျင်စီသည် စကြဝဠာ၏ လျှို့ဝှက်ချက်များကို လေ့လာရေးအတွက် ယခုနှစ် ဇူလိုင် ၁ ရက်က ယူကလစ်အာကာသယာဉ်ကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး သီတင်းလေးပတ်အကြာတွင် ယူကလစ်အာကာသယာဉ်သည် ကမ္ဘာနှင့်နေတို့၏ ဒြပ်ဆွဲအားများ ပေါင်းဆုံနယ်မြေ (အယ်လ်-၂)သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် လမ်းပြကြယ်များ ရှာဖွေရာတွင် မှားယွင်းခဲ့မှုကြောင့် ယူကလစ် အာကာသယာဉ်သည် နယ်မြေအလိုက် တိကျစွာစူးစမ်းလေ့လာရေးအတွက် ပြဿနာများ ရှိခဲ့ကြောင်း ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် လက်ရှိအချိန်၌ ယူကလစ် အာကာသယာဉ်သည် လမ်းပြကြယ်များကို ပြန်လည်ရှာတွေ့ခဲ့ပြီဖြစ်ရာ စူးစမ်းလေ့လာရေးလုပ်ငန်းများမှန်ကန်စွာပြန်လုပ်နိုင်ပြီဖြစ်သည်ဟု ဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ယူကလစ်အာကာသယာဉ်သည် မဟာရာဒြပ်စင်နှင့် မဟာရာစွမ်းအင် ခေါ် စကြဝဠာ၏လျှို့ဝှက်ချက်များကို စတင်လေ့လာနေပြီဖြစ်ကြောင်း သိရသည်။

**Ref : Space.com**
**Trs : KKO**

## နယူးမက္ကဆီကိုပြည်နယ်၌တွေ့ရှိခဲ့သော လူသားကျောက်ဖြစ်ရုပ်ကြွင်းခြေရာများက သိပ္ပံပညာရှင်များ မူလတွေးထင်ထားသည်ထက် သက်တမ်းပိုရှေးကျနိုင်ဖွယ်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၁၀**

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်၌ တွေ့ရှိခဲ့သော လူသားကျောက်ဖြစ်ရုပ်ကြွင်းခြေရာများသည် သိပ္ပံပညာရှင်များ မူလတွေးထင်ထားသည်ထက် သက်တမ်း ပိုရှေးကျနိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

နယူးမက္ကဆီကိုတောင်ပိုင်း ဝှိုက်ဆန်းအမျိုးသားဥယျာဉ်အတွင်းရှိ ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများ၏ သက်တမ်းကို ၂၀၂၁ ခုနှစ်အတွင်း အမေရိကန်နှင့်ဗြိတိသျှ သိပ္ပံပညာရှင်များက နှစ်ပေါင်း ၂၁၀၀၀ နှင့် ၂၃၀၀၀ ကြား သတ်မှတ်ခဲ့ကြသည်။

ထို့ပြင် အမေရိကန်ဘူမိတိုင်းတာရေးအေဂျင်စီ (USGS) မှ သိပ္ပံပညာရှင်များက အထက်ပါ သက်တမ်းသတ်မှတ်ချက်ကို ရေဒီယိုကာဗွန်သက်တမ်း တွက်စစ်နည်းဖြင့် ထပ်မံအတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

USGS သိပ္ပံပညာရှင်များ၏ အတည်ပြုချက်အရ ဝှိုက်ဆန်းအမျိုးသားဥယျာဉ်ရှိ ကျောက်ဖြစ်ရုပ်ကြွင်းခြေရာများသည် အမေရိကဒေသ၌ လူသားလှုပ်ရှားမှုများ၏ ရှေးအကျဆုံး အထောက်အထားများဖြစ်နိုင်ကြောင်း သိရသည်။



ဝှိုက်ဆန်းအမျိုးသားဥယျာဉ်ရှိ ကျောက်ဖြစ်ရုပ်ကြွင်းခြေရာသက်တမ်း သတ်မှတ်ချက်သည် အမေရိကဒေသ၌ လူသားများစတင်ခြေချမှုဆိုင်ရာ ယခင်ကာလသတ်မှတ်ချက်ထက် နှစ်ပေါင်း ၁၀၀၀၀ ခန့် ပိုရှေးကျကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အာဖရိကတိုက်မှ ထွက်ခွာလာကြသည့် ခေတ်သစ်လူသားများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၆၀၀၀ ခန့်ကပင် အမေရိကသို့ရောက်ရှိခဲ့သည်ဟု ယခင်က ယုံကြည်ထားကြကြောင်း သိရသည်။

**Ref : The Daily Mail**
**Trs : KKO**

## ကာလကြာမြင့်စွာပျောက်ဆုံးနေသော မြေအောက်ကျောက်လွှာရှင်တစ်ခုကို ရှာဖွေတွေ့ရှိ

**အမ်စတာဒမ် အောက်တိုဘာ ၁၀**

ကာလကြာမြင့်စွာပျောက်ဆုံးနေသော မြေအောက်ကျောက်လွှာရှင် တစ်ခုကို အနောက်ပစိဖိတ်သမုဒ္ဒရာဒေသ၌ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

ပွန်တပ်စ်(Pontus) ဟု၍ အမည်ပေးထားသော အဆိုပါမြေအောက်ကျောက်လွှာရှင်သည် စတုရန်းမိုင် ၁၅ သန်းရှိပြီး ယနေ့ခေတ် ပစိဖိတ်သမုဒ္ဒရာ အကျယ်အဝန်း၏ လေးပုံတစ်ပုံခန့်ရှိကြောင်း နယ်သာလန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ပွန်တပ်စ် မြေအောက်ကျောက်လွှာရှင်သည် ကမ္ဘာဒြပ်ဆွဲအားကြောင့် အခြားကျောက်လွှာရှင်တစ်ခုအောက် နိမ့်ဆင်းတိုးဝင်ခဲ့ရပြီး နှစ်သန်းပေါင်းများစွာ ပျောက်ဆုံးခဲ့ရကြောင်း သိရသည်။

ပွန်တပ်စ်ကျောက်လွှာရှင်သည် လွန်ခဲ့သောနှစ်ပေါင်း သန်း ၁၆၀ ခန့်ကပင် ရှိခဲ့သည့် မြေအောက်ကျောက်လွှာရှင်ဖြစ်သည်။

သို့ရာတွင် ကွန်ပျူတာစံပြပုံစံဖန်တီးလေ့လာချက်များအရ အဆိုပါကျောက်လွှာရှင်သည် လွန်ခဲ့သည့် နှစ်ပေါင်း သန်း ၂၀ ခန့်က ကွယ်ပျောက်ခဲ့ကြောင်း နယ်သာလန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့အပေါ်ယံလွှာ၌ တစ်ချိန်သောအခါက တည်ရှိခဲ့ဖူးပြီးနောက် ပိုင်းပျောက်ကွယ်သွားသည့် ကျောက်လွှာရှင်အများအပြားရှိခဲ့ဖူးသည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

**Ref : The Daily Mail**
**Trs : KKO**

# HEALTH

## Wegovy နှင့် Ozempic ကဲ့သို့ဆေးများတွင် အစာခြေလမ်းကြောင်းစနစ် ဘေးထွက်ဆိုးကျိုးများရှိနေ

**အော့တဝါ အောက်တိုဘာ ၁၀**

Wegovy နှင့် Ozempic ကဲ့သို့ နာမည်ကျော်ကိုယ်အလေးချိန် လျှော့ချရေးဆေးများတွင် အစာခြေလမ်းကြောင်းစနစ် ဘေးထွက်ဆိုးကျိုးများ ရှိနေတတ်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၉ ရက်တွင် သတိပေးလိုက်သည်။

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါ ကိုယ်အလေးချိန် လျှော့ချရေးဆေးများကြောင့် ပန်ကရိယအင်္ဂါရောင်ရမ်းခြင်း၊ အူလမ်းကြောင်းပိတ်ဆို့ခြင်း (Bowel Obstruction) ကဲ့သို့ အစာခြေလမ်းကြောင်းစနစ် ဘေးထွက်ဆိုးကျိုးများရှိလာနိုင်ကြောင်း သိရသည်။

Wegovy နှင့် Ozempic ကဲ့သို့ ကိုယ်အလေးချိန်လျှော့ချရေးဆေးများ၏ ဘေးထွက်ဆိုးကျိုးများမှာ ရှားပါးလှပြီး လူနာ တစ်ရာခိုင်နှုန်းအပေါ်တွင်သာ အကျိုးသက်ရောက်မှုရှိတတ်သည်။

သို့ရာတွင် အဆိုပါဆေးများကို လူသန်းပေါင်းများစွာတို့က သုံးစွဲနေကြသည်ဖြစ်ရာ ၎င်းဆေးများ၏ ဘေးထွက်ဆိုးကျိုးများကိုလည်း လူထောင်ပေါင်းများစွာတို့ ခံစားနေကြရဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

သို့ဖြစ်ရာ ကိုယ်အလေးချိန်လျှော့ချရေးဆေးများ သုံးမည်ဆိုပါက အကျိုးနှင့်အပြစ်ကို လူနာများအနေဖြင့် ချိန်ဆထားရန်လိုကြောင်း သုတေသနပညာရှင်များက အကြံပြုထားကြောင်း၊ ကိုယ်အလေးချိန်လျှော့ချရေးဆေးသုံးစွဲသူ လူနာအများစုသည် ဝမ်းချုပ်ခြင်း၊ ပျို့အန်ခြင်းကဲ့သို့ ဘေးထွက်ဆိုးကျိုးများကို ခံစားကြရကြောင်း သိရသည်။

**Ref : Health Day News**
**Trs : KKO**

## လမ်းလျှောက်ရန်လွယ်ကူသည့်နေရာ၌ နေထိုင်သူ အမျိုးသမီးများ ရင်သားကင်ဆာဖြစ်နိုင်ခြေနည်းပါး

**နယူးယောက် အောက်တိုဘာ ၁၀**

လမ်းလျှောက်သွားလာရန် လွယ်ကူသည့် လူနေရပ်ကွက်များ၌ နေထိုင်သူအမျိုးသမီးများတွင် အဝလွန်မှုနှင့်ဆက်စပ်နေသည့် ကင်ဆာရောဂါများဖြစ်နိုင်ခြေ ပိုမှန်ထက် ပိုနည်းပါးကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

အထူးသဖြင့် အလွယ်တကူ လမ်းလျှောက်သွားလာနိုင်သော နေရာများ၌ နေထိုင်သူအမျိုးသမီးများတွင် ဓမ္မတာရာသီကုန်လွန်ပြီးချိန် ရင်သားကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ပို၍နည်းပါးကြောင်း အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၃၅ နှစ်နှင့် ၆၅ နှစ်ကြား အမျိုးသမီး ၁၄၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ လမ်းလျှောက်သွားလာရလွယ်ကူသည့်နေရာများ၌ နှစ် ၃၀ ကြာနေထိုင်ခဲ့သူ အမျိုးသမီးများ၌ အဝလွန်မှုနှင့်ဆက်စပ်နေသော ကင်ဆာရောဂါဖြစ်နိုင်ခြေမှာ လမ်းလျှောက်ရန်အခွင့်သာမှုအနည်းဆုံးနေရာများတွင် နေထိုင်သူများထက် ၂၆ ရာခိုင်နှုန်းပိုနည်းသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၎င်းတို့၏လေ့လာစမ်းသပ်မှုတွင် လမ်းလျှောက်ရန်အခွင့်သာသည့်နေရာများနှင့်အဝလွန်မှုနှင့်ဆက်နွှယ်သော ကင်ဆာရောဂါများဖြစ်ပွားနှုန်းတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

**Ref : Health Day News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဘာစီလိုနာအသင်းမှ ကစားသမားနှစ်ဦး ဒဏ်ရာပြဿနာကြောင့် နိုင်ငံပွဲစဉ်များကို လွဲချော်






**မက်ဒရစ် အောက်တိုဘာ ၁၀**

ဘာစီလိုနာအသင်းက ဂရန်နာဒါ အသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေ ရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည့် ခံစစ်ကစား သမား ခွန်ဒီနှင့် တိုက်စစ်မှူး ယာမယ်တို့သည် ဒဏ်ရာပြဿနာ ကြောင့် နိုင်ငံတကာပြိုင်ပွဲကာလ အတွင်းကစားရမည့် ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ခံစစ်ကစား သမား ခွန်ဒီသည် ပွဲချိန် ၄၄ မိနစ် တွင် ဒူးဒဏ်ရာရရှိခဲ့သဖြင့် အသင်း ဖော်ကစားသမား အာရှူဂျိုနှင့် လူစားလဲခဲ့ရပြီး တိုက်စစ်မှူး ယာမယ်မှာပွဲကစားချိန် ၇၆ မိနစ် တွင် ခြေဖနောင့်ဒဏ်ရာပြဿနာ ကြောင့် ကွင်းလယ်ကစားသမား ရိုမီယူနှင့် လူစားလဲခဲ့ရသည်။

ထို့ကြောင့် ခံစစ်ကစားသမား ခွန်ဒီသည် ပြင်သစ်အသင်းနှင့် ကစားရမည့်အသင်းလူစာရင်းတွင် ပါဝင်နိုင်ခြင်းမရှိခဲ့ဘဲ လာမည့် အောက်တိုဘာ ၁၄ ရက်တွင်ကစား ရမည့် နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ခြေစစ်ပွဲစဉ်နှင့် အောက်တိုဘာ ၁၈ ရက်တွင်ကစားရမည့် စကော့ တလန်အသင်းနှင့် ခြေစမ်းပွဲစဉ်များ ကို လွဲချော်မည်ဖြစ်သည်။

ယာမယ်သည်လည်း နည်းပြ ဒီဖူအန်တီ၏ ကစားသမားစာရင်း တွင် ပါဝင်နိုင်ခြင်းမရှိသဖြင့် အန်ဆူ ဖာတီကို အစားထိုးခေါ်ယူခဲ့သော် လည်း စပိန်အသင်းနည်းပြက ယာမယ်၏ ဒဏ်ရာအခြေအနေကို ဆက်လက်စောင့်ကြည့်နေသည်။

လက်ရှိတွင် ဘာစီလိုနာအသင်းက ယာမယ်၏ ဒဏ်ရာအခြေအနေမှာ ပြင်းထန်မှုမရှိသဖြင့် ထုတ်ပြန်ခြင်း မရှိခဲ့သော်လည်း ခွန်ဒီအနေဖြင့် ဒဏ်ရာပြင်းထန်မှုကြောင့် ရက် သတ္တပတ်အနည်းငယ် အနားယူရ မည်ဟု အတည်ပြုထုတ်ပြန်ခဲ့ ကြောင်း သိရသည်။

**Ref : Get Football News**
**Trs : ML**

# ရိုးမားအသင်းက လူကာကူကို စတာလင်ပေါင် ၃၇ သန်းဖြင့် အပြီးသတ်ဝယ်ယူမည်ဟုဆို

**ရောမ အောက်တိုဘာ ၁၀**

ရိုးမားအသင်းက ချဲလ်ဆီး အသင်းမှ တစ်ရာသီအငှားစာချုပ် စတာလင်ပေါင် ၄သန်းဖြင့်ခေါ်ယူ ထားသည့် တိုက်စစ်မှူး လူကာကူ ကို အပြီးသတ်ဝယ်ယူခွင့် စတာ လင်ပေါင် ၃၇ သန်းဖြင့် ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ချဲလ်ဆီးအသင်းနှင့် ဆက်ဆံရေး အဆင်မပြေဖြစ်နေသည့် လူကာကူ သည် အသင်းမှထွက်ခွာရန်ဆုံးဖြတ် ထားသော်လည်း အပြီးသတ်ခေါ်ယူ မည့် အသင်းမရှိခဲ့သဖြင့် ရိုးမား အသင်းသို့သာ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ရပြီး ယခုအခါပြိုင်ပွဲစုံ ရှစ်ပွဲတွင် ခုနစ်ဂိုးထိသွင်းယူခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် ရိုးမား အသင်းက အငှားစာချုပ်ကုန်ဆုံး ပါက စတာလင်ပေါင် ၃၇ သန်းဖြင့် အပြီးသတ် ဝယ်ယူသွားမည်ဖြစ်၍ ၎င်းအနေဖြင့် ချဲလ်ဆီးအသင်းနှင့် အိပ်မက်ဆိုးများကို အဆုံးသတ်နိုင် မည်ဖြစ်သည်။

လူကာကူသည် ပြီးခဲ့သည့် နွေရာသီက ချဲလ်ဆီးအသင်းက အရောင်းစာရင်း တင်သွင်းခဲ့သော် လည်း အင်တာမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့က ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ အသင်းပရိသတ်များ၏ ဆန့်ကျင်မှုများကြောင့် ပြောင်း ရွှေ့ခွင့်မရခဲ့ဘဲ ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းက ကမ်းလှမ်း ခဲ့သော်လည်း ၎င်းကပယ်ချခဲ့ပြီး နည်းပြမော်ရင်ဟို၏ ရိုးမားအသင်း သို့ အငှားစာချုပ်ဖြင့်ပြောင်းရွှေ့ ခဲ့က ချဲလ်ဆီးအသင်းနှင့် အငှား စာချုပ်တွင် ကစားသမား၏ခြေစွမ်း ပိုင်းပေါ်မူတည်၍ အပြီးသတ် ဝယ်ယူခွင့် ပါရှိခဲ့သောကြောင့် နွေရာသီတွင် လူကာကူအနေဖြင့် ရိုးမားအသင်းသို့ ရောက်ရှိနိုင်ဖွယ် ရှိသည်။

ရိုးမားအသင်းသည် ယခုနှစ် ဘောလုံးရာသီ၌ ပုံစံကောင်းရရှိရန် ရုန်းကန်နေခဲ့ရချိန်တွင် လူကာကူက ၎င်း၏ သွင်းဂိုးများဖြင့် ပါဝင်ကူညီ ပေးနိုင်ခဲ့သဖြင့် ပြီးခဲ့သည့် ပြိုင်ပွဲစုံ သုံးပွဲဆက်နိုင်ပွဲပြန်ရခဲ့ပြီး အသင်းကို ဖိအားအောက်မှလွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့်အသင်း တာဝန်ရှိသူများက အပြီးသတ်ခေါ် ယူရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**




# ဖလာမင်ဂိုအသင်းက ဘာရာဇီးနည်းပြဟောင်း တိုက်ကို နည်းပြသစ်အဖြစ်ခန့်အပ်

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၁၀**

ဖလာမင်ဂိုအသင်းက ဘာရာဇီး လက်ရွေးစင်အသင်း နည်းပြ ဟောင်း တိုက်ကို လာမည့် ၂၀၂၄ ခုနှစ်ထိစာချုပ်ချုပ်ဆိုပြီး နည်းပြ သစ်အဖြစ် ခန့်အပ်ခဲ့သည်ဟု ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရသည်။

အသက် ၆၂ နှစ်ရှိ နည်းပြတိုက် သည် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတား ဖိုင်နယ်အဆင့်တွင် ခရိုအေးရှား အသင်းကို ရှုံးခဲ့ပြီးနောက် ဘာရာဇီး အသင်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲ မှထွက်ခွာခဲ့ရာ အသင်းနှင့်လမ်းခွဲခဲ့ ပြီး အသင်းလက်မဲ့ဖြစ်နေချိန်တွင် ဖလာမင်ဂိုအသင်း တာဝန်ရှိသူများ က နည်းပြသစ်ခန့်အပ်ရန်ရွေးချယ် ခဲ့ပြီး နည်းပြဆမ်ပါအိုလီ၏ နေရာ တွင် အစားထိုးခဲ့သည်။

ဖလာမင်ဂိုအသင်းသည် နည်းပြ ဆမ်ပါအိုလီကို ပြီးခဲ့သည့် ဧပြီလ က ခန့်အပ်ခဲ့သော်လည်း ၎င်းအနေ ဖြင့် ဘာရာဇီးဖလားပြိုင်ပွဲ ဗိုလ်လု ပွဲစဉ်တွင် ဆော်ပိုလိုအသင်းကို နှစ်ကျော့ပေါင်းရလဒ်ဖြင့် ရှုံးနိမ့် ခဲ့ပြီး ဆုဖလားလက်လွတ်ခဲ့ရသော ကြောင့် အသင်းတာဝန်ရှိသူများက ပြီးခဲ့သည့် စက်တင်ဘာ ၂၈ ရက် တွင် ရာထူးမှထုတ်ပယ်ခဲ့ခြင်း ဖြစ်သည်။

နည်းပြတိုက်သည် ၂၀၁၂ ခုနှစ် တွင် ကိုရင်သီယန်အသင်းကိုတာဝန် ယူခဲ့စဉ်က ချဲလ်ဆီးအသင်းကို အနိုင်ယူပြီး ကမ္ဘာ့ကလပ်ချန်ပီယံဆု ဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့ သူဖြစ်သောကြောင့် အမှတ်ပေး ပြိုင်ပွဲ ၂၆ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၄၄ မှတ်ဖြင့် အဆင့်(၅)တွင် ရပ်တည်နေသည့် ဖလာမင်ဂို အသင်းကို ကိုပါလီဘာဒိုးရက်စ် ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင် နိုင်မည်ဟု အသင်းတာဝန်ရှိသူများ က ယုံကြည်ထားပြီး ၎င်းအနေဖြင့် အောက်တိုဘာ ၁၆ ရက်တွင် အသင်းကို စတင်တာဝန်ယူမည်ဖြစ် ကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**

# Shanghai Masters တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဟန်ဂေရီတင်းနစ်ကစားသမား မာရို့ဇန်က ကပ်စပါရှဒ်ကိုအနိုင်ရရှိ

**ရှန်ဟိုင်း အောက်တိုဘာ ၁၀**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပနေသည့် Shanghai Masters တင်းနစ်ပြိုင်ပွဲ စတုတ္ထ အဆင့်ပွဲစဉ်အဖြစ် ဟန်ဂေရီ တင်းနစ်ကစားသမား မာရို့ဇန်နှင့် နော်ဝေတင်းနစ်ကစားသမား ကပ် စပါရှဒ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ မာရို့ ဇန်က(၇-၆၊ ၃-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်နိုင်ခဲ့ ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မာရို့ဇန်သည် အဆိုပါပြိုင်ပွဲတွင် နိုင်ခြေအဆင့်သတ်မှတ်ခံထားရခြင်း မရှိသည့် ကစားသမားတစ်ဦးဖြစ်ပြီး ကပ်စပါရှဒ်သည် နိုင်ခြေအဆင့်(၈) အဖြစ် သတ်မှတ်ခံထားရသည့် ကစားသမားတစ်ဦးဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ကပ်စပါရှဒ် သည် ပထမပွဲငယ်၌ Tie-Break ထိကစားပြီးမှ ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့ သော်လည်း တတိယပွဲငယ်၌ အမှား များခဲ့သည့် ကပ်စပါရှဒ်သည် ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

မာရို့ဇန်သည် လက်ပြန်ရိုက်ချက် များကောင်းမွန်ခဲ့ပြီး ၎င်း၏အားသာ ချက်များကိုလည်း အကောင်းဆုံး အသုံးချနိုင်ခဲ့ကာ ပွဲကစားချိန်မှာ လည်း ၂ နာရီ ၃၈ မိနစ်ထိကြာ မြင့်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့် တွင် ပိုလန်တင်းနစ်ကစားသမား ဟာကက်ဇ်နှင့်တရုတ်တင်းနစ်ကစား သမား ကျန်ကျီကျန်တို့ပွဲစဉ်မှအနိုင် ရရှိလာသော ကစားသမားနှင့် ကစားသွားရမည်ဖြစ်သည်။

မာရို့ဇန်က "ကျွန်တော့်ရဲ့ကစား သမားဘဝ သက်တမ်းတစ်လျှောက် ဒီပြိုင်ပွဲဟာ ဒုတိယမြောက်ပါဝင် ယှဉ်ပြိုင်တဲ့ Masters တင်းနစ် ပြိုင်ပွဲပါ။ Masters တင်းနစ် ပြိုင်ပွဲက တခြားပြိုင်ပွဲတွေနဲ့ မတူ တဲ့အတွက် ကျွန်တော့်အတွက်အသစ် လိုဖြစ်နေတဲ့ ပြိုင်ပွဲအမျိုးအစားပါ။ ကပ်စပါရှဒ်လိုပါရမီရှင်ကစားသမား တစ်ယောက်ကိုအနိုင်ရရှိလို့ဂုဏ်ယူ ပါတယ်"ဟု ပြောကြားခဲ့သည်။

Shanghai Masters တင်းနစ် ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၂)အဖြစ် သတ်မှတ်ခံထားရသည့် မျက်ဒဗျက် သည် ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီဖြစ်ပြီး ကပ်စပါရှဒ်သည်လည်း ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့်အတွက် နိုင်ခြေ အဆင့်(၁)အဖြစ် သတ်မှတ်ခံထား ရသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်က ချန်ပီယံဆု ဆွတ်ခူးနိုင်ရန် ပိုမိုရေပန်းစားနေ ကြောင်း သိရသည်။

**Ref : Bein Sports**
**Trs : AZL**



## အားကစားသတင်း အတိုအထွာများ

- ဆီဗီလာအသင်းက ဥရုဂွေးလက်ရွေးစင်အသင်းနှင့် လမ်းခွဲခဲ့သည့် နည်းပြဒီယေဂိုအလွန်ဆိုကိုခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ပြီး ဆွေးနွေးမှုနောက်ဆုံးအဆင့်သို့ ရောက်ရှိနေကြောင်း ထုတ်ပြန်ခဲ့သည်။
- အော့စ်ဘတ်အသင်းက ဒမ်စတက်အသင်းကို အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြမာအက်ဆန်ကို ယနေ့တွင်ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း ကြေညာခဲ့သည်။
- ယခုလအတွင်းကစားရမည့် ယူ-၁၇ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲတွင် ရုရှားယူ-၁၇အသင်းကို ပါဝင်ခွင့်ပြုမည်မဟုတ်ကြောင်း ယူအီးအက်ဖ်အေက ထုတ်ပြန်ခဲ့သည်။ **ML**

# (၄၄)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း တိုးတက်ပြန့်ပွားလာစေရန်နှင့် မျိုးဆက်သစ် ခြင်းလုံးအားကစားသမားကောင်းများစွာပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပသည့် (၄၄)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲကို ယနေ့မွန်းလွဲ(၁)နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပခဲ့သည်။

ယနေ့ပွဲစဉ်များအဖြစ် ကျားခြောက်ပေါက် ပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ရမှတ် ၁၃၇၆ မှတ်၊ ရှမ်းပြည်နယ်အသင်းက ရမှတ် ၇၂၂ မှတ်၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက ရမှတ် ၉၆၇ မှတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရမှတ် ၅၅၂ မှတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရမှတ် ၁၀၅၄ မှတ်၊ မွန်ပြည်နယ်အသင်းက ရမှတ် ၆၄၃ မှတ်၊ကရင်ပြည်နယ်အသင်းက ရမှတ် ၅၉၀၊ ပဲခူးတိုင်းဒေသကြီး အသင်းက ရမှတ် ၉၄၁ မှတ် အသီးသီးရရှိခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)တွင် ကျားခြောက်ပေါက် ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊မကွေးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် မန္တလေး တိုင်းဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းတို့ကစားသွားမည်ဖြစ်သည်။

ထို့ပြင် အမျိုးသမီးပြိုင်ပွဲများအဖြစ် မလေးပေါက်ပွဲစဉ်များအဖြစ် ပဲခူး တိုင်းဒေသကြီးအသင်းနှင့် မန္တလေး တိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် အသင်းနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# Alfred Dunhill Links Championship ချန်ပီယံဆုကို ဖစ်ပက်ထရစ် ဆွတ်ခူး

**အန်ဂတ်စ် အောက်တိုဘာ ၁၀**

စကော့တလန်နိုင်ငံ အန်ဂတ်စ်မြို့တွင်ကျင်းပခဲ့သည့် Alfred Dunhill Links Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖစ်ပက်ထရစ်က သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် အာမီတိတ်၊ ဆောက်ဂိတ်နှင့် ဩစတြေးလျဂေါက်သီးရိုက်ကစားသမားရိုင်ယန်ဖောက်တို့က သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ဖစ်ပက်ထရစ်သည် ဥရောပအသင်းနှင့်အတူ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး Ryder Cup ပြိုင်ပွဲအပြီးတွင် ပထမဆုံးပြိုင်ပွဲ၌ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖစ်ပက်ထရစ်သည် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား ဟာရစ်တန်ပြီးလျှင် တစ်ရာသီအတွင်း အသင်းလိုက်ဆုဖလားနှင့်တစ်ဦးချင်းဆုဖလားတို့ကို ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့သည့် ဒုတိယမြောက် ဂေါက်သီးရိုက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဖစ်ပက်ထရစ်သည် ဒုတိယနေရာတွင်ရပ်တည်နေသည့်ပြိုင်ပွဲဝင်များကို ရိုက်ချက် သုံးချက်ထိဖြတ်ထားနိုင်ခဲ့ပြီး Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြသနိုင်ခဲ့သော စွမ်းဆောင်ရည်ကို ဆက်လက်ပြသနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RTE**
**Trs :AZL**



# လာမည့်ယူရို ၂၀၃၂ ပြိုင်ပွဲကို တူရကီနိုင်ငံနှင့် အီတလီနိုင်ငံတွင်ကျင်းပမည်ဟု ဥရောပဘောလုံးအဖွဲ့ချုပ် အတည်ပြုကြေညာ

**ဆူးရစ် အောက်တိုဘာ ၁၀**

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)က လာမည့် ယူရို ၂၀၃၂ ပြိုင်ပွဲကို တူရကီနိုင်ငံနှင့် အီတလီနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပသွားမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်က ယူရိုပြိုင်ပွဲကို လေးနှစ်လျှင်တစ်ကြိမ်ကျင်းပလျက်ရှိနေပြီး နောက်ဆုံးကျင်းပခဲ့သည့် ယူရို ၂၀၂၀ပြိုင်ပွဲကို ကိုဗစ်-၁၉ရောဂါကြောင့် တစ်နှစ်ရွှေ့ဆိုင်းခဲ့ရပြီး ၂၀၂၁ခုနှစ်မှသာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

လာမည့် ယူရို ၂၀၂၄ပြိုင်ပွဲကို ဂျာမနီနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ပြီး လာမည့် ယူရို ၂၀၂၈ ပြိုင်ပွဲကို ဗြိတိန်နိုင်ငံများနှင့် အိုင်ယာလန်နိုင်ငံတွင်ကျင်းပသွားမည်ဟု ပြီးခဲ့သည့်ရက်ပိုင်းက အတည်ပြုထားခြင်းဖြစ်သည်။

လာမည့် ယူရို ၂၀၂၈ ပြိုင်ပွဲကို ဗြိတိန်နိုင်ငံများအဖြစ် အင်္ဂလန်နိုင်ငံ၊ ဝေးလ်နိုင်ငံ၊ မြောက်အိုင်ယာလန်နိုင်ငံ၊ စကော့တလန်နိုင်ငံတို့နှင့်အတူ မြောက်အိုင်ယာလန်နိုင်ငံက ပူးတွဲအိမ်ရှင်နိုင်ငံအဖြစ်ကျင်းပသွားမည်ဖြစ်ပြီး အင်္ဂလန်နိုင်ငံကွင်း ခြောက်ကွင်း၌ကျင်းပမည်ဖြစ်ပြီး ကျန်လေးကွင်းကို အခြား လေးနိုင်ငံ၌ကျင်းပသွားမည်ဖြစ်သည်။

ယခုအခါတွင်လည်း ယူရို ၂၀၃၂ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် အီတလီနိုင်ငံနှင့် တူရကီနိုင်ငံတို့ကိုရွေးချယ်ခဲ့ပြီး ကွင်းအသေးစိတ်ကိုဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်က ယူရိုပြိုင်ပွဲကို ပြီးခဲ့သည့် ၁၉၅၈ ခုနှစ်က စတင်ကျင်းပခဲ့ပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ဂျာမနီအသင်းနှင့် စပိန်အသင်းတို့က သုံးကြိမ်စီဆွတ်ခူးထားပြီး နောက်ဆုံးကျင်းပခဲ့သည့် ယူရို ၂၀၂၀ ပြိုင်ပွဲတွင် အီတလီအသင်းက အင်္ဂလန်အသင်းကိုအနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးထားကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# ချဲလ်ဆီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းကစားသမားဟောင်း ဟာဇက် ကစားသမားဘဝမှအနားယူကြောင်း ကြေညာ



**လန်ဒန် အောက်တိုဘာ ၁၀**

ချဲလ်ဆီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း ဟာဇက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အပြီးတိုင်အနားယူခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ ဟာဇက်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်က လိုင်လီအသင်းနှင့် စတင်ခဲ့သူဖြစ်ပြီး လိုင်လီအသင်းတွင် ခုနစ်နှစ်ကြာ ကစားခဲ့ပြီးနောက် ၂၀၁၂ ခုနှစ် ဇူလိုင်လက ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဟာဇက်သည် ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝက ချဲလ်ဆီးအသင်းတွင် ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား၊ ပရီးမီးယားလိဂ်ဖလားအပါအဝင် ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲစုံ ၃၅၂ ပွဲထိပါဝင်ကစားခွင့်ရရှိခဲ့ကာ သွင်းဂိုး ၁၁၀ ထိသွင်းယူနိုင်ခဲ့သူဖြစ်သည်။

ဟာဇက်သည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ချဲလ်ဆီးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရပြီး ရီးရဲလ်မက်ဒရစ်အသင်းတွင် ၄နှစ်ကြာကစားခဲ့ရာ၌ ၇၆ ပွဲသာပါဝင်ခွင့်ရရှိခဲ့ပြီး သွင်းဂိုး ခုနစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းက စီရော်နယ်ဗိုကို ဂျူဗင်တပ်အသင်းထံ ရောင်းချခဲ့ပြီးနောက် ၎င်း၏နေရာတွင် အစားထိုးရန် ဟာဇက်ကို ခေါ်ယူခဲ့ခြင်းဖြစ်သော်လည်း ဟာဇက်အနေဖြင့် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။

ဟာဇက်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ရီးရဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက်လမ်းခွဲခဲ့ကာ ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အပြီးတိုင်အနားယူခဲ့ခြင်းဖြစ်သည်။

ဟာဇက်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် လိုင်လီအသင်း၊ ချဲလ်ဆီးအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့နှင့်အတူပြိုင်ပွဲစုံ ၇၄၉ ပွဲထိပါဝင်ကစားခဲ့ပြီး သွင်းဂိုး ၂၀၀ သွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၁၉၃ ကြိမ်နှင့် ဆုဖလားပေါင်း ၁၅ လုံးထိ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : STA**

# IBF ဖယ်သာဝိတ်တန်းချန်ပီယံခါးပတ်အတွက် မက္ကဆီကိုလက်ဝှေ့သမား ဟာဂတ်စ်ကို ဒလာမီနီ စိန်ခေါ်

**ပရိုတိုးရီးယား အောက်တိုဘာ ၁၀**

တောင်အာဖရိကလက်ဝှေ့သမား ဒလာမီနီက IBFဖယ်သာဝိတ်တန်းလက်ရှိချန်ပီယံအဖြစ် ရပ်တည်နေသည့် မက္ကဆီကိုလက်ဝှေ့သမား ဗာဂတ်စ်ကို စိန်ခေါ်ထိုးသတ်သွားမည်ဟု ပြောကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒလာမီနီသည် IBF ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်ရထားသည့် ဂျပန်လက်ဝှေ့သမား ကာမီဒါကို ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီးနောက် ချန်ပီယံခါးပတ်အတွက် စိန်ခေါ်နိုင်သည့် လက်စွမ်းပြသနိုင်ခဲ့သည်။

ကာမီဒါကို အနိုင်ရရှိအောင် ထိုးသတ်နိုင်ခဲ့သော စွမ်းဆောင်ရည်သည် ချန်ပီယံခါးပတ်ကို စိန်ခေါ်နိုင်သည့် စွမ်းဆောင်ရည်ဖြစ်ကြောင်းနှင့် လက်ရှိချန်ပီယံဖြင့် ထိုးသတ်ခွင့် ရရှိရေးအတွက်လည်း စိန်ခေါ်ပွဲ အမြန်ဆုံးစီစဉ်သွားမည်ဟု ဒလာမီနီက ပြောကြားခဲ့သည်။

ဒလာမီနီအနေနှင့် IBF ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲကို တောင်အာဖရိကနိုင်ငံတွင်ထိုးသတ်နိုင်ရေးအတွက်ကြိုးပမ်းသွားမည်ဟု ပြောကြားခဲ့ပြီး ဒလာမီနီ၏စိန်ခေါ်မှုကိုလည်း ဗာဂတ်စ်က လက်ခံရန်အဆင်သင့်ဖြစ်နေကြောင်း ပြောကြားခဲ့ကာ တောင်အာဖရိကတွင် ထိုးသတ်ရန်လည်း စိတ်ဝင်စားကြောင်း ပြောကြားခဲ့သည်။

ဗာဂတ်စ်က "လက်ရှိချန်ပီယံကိုစိန်ခေါ်ခွင့်ရထားတဲ့ ကာမီဒါကို အနိုင်ထိုးသတ်ခဲ့တဲ့ ဒလာမီနီဟာ ကျွန်တော်နဲ့ ထိုးသတ်ချင်နေတယ်လို့ သိရတယ်။ လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ကိုထိုးသတ်ဖို့အဆင်သင့်ပါပဲ။ တောင်အာဖရိကနိုင်ငံမှမဟုတ်ပါဘူး။ အာဖရိကတိုက်ရဲ့ ဘယ်နေရာမှာမဆိုထိုးသတ်ဖို့အဆင်သင့်ပါပဲ။ စိန်ခေါ်ပွဲကိုတော့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ဒါမှမဟုတ် ဖေဖော်ဝါရီလထဲမှာပဲ လက်ခံသွားဖို့ရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sowetan Live**
**Trs :AZL**

# သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် သီတင်းကျွတ်ကာလမှစ၍ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေမှုပြုလုပ်မည်




**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် သီတင်းကျွတ်ကာလမှစ၍ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေမှုပြန်လည် ပြုလုပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းလှိုင်က ပြောပြ၍ သိရသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် တိုင်းရင်းသားရိုးရာအဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမကြီးတွင် အခမဲ့ဖျော်ဖြေပေးလျက်ရှိပြီး ပြီးခဲ့သည့်မေလမှစတင်က လာရောက်လည်ပတ်သူနည်းပါးသဖြင့် ခေတ္တရပ်နားထားခဲ့ကာ ယခုသီတင်းကျွတ်ကာလတွင် ဖျော်ဖြေမှုများ ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

“ပုံမှန်ကတော့အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တွေမှာ တိုင်းရင်းသားရိုးရာအဆို၊ အကတွေနဲ့ အခမဲ့ ဖျော်ဖြေတာရှိပါတယ်။ မေလမှာတော့ လာရောက်လည်ပတ်သူနည်းပါးတဲ့အတွက် ခေတ္တရပ်နားလေ့ရှိပါတယ်။ အခုသီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၂၉ ရက်ကစပြီးတော့ ဒီအစီအစဉ်ကို ပြန်လည်စတင်မှာဖြစ်ပါတယ်။ သီတင်းကျွတ်ပိတ်ရက်တွေမှာဆိုရင်တော့ အထူးအစီအစဉ်အနေနဲ့ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲလိုဟာမျိုး ပြုလုပ်ပေးဖို့ရှိပါတယ်”ဟု ဦးစန်းလှိုင်က ပြောပြသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သည် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပဲခူးမြစ်ကမ်းအနီးတွင်တည်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းတွင်နေထိုင်ကြသည့် တိုင်းရင်းသားများ၏ အထင်ကရနေရာများကိုထည့်သွင်းတည်ဆောက်ထားကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)သို့ ပဲခူးမြစ်မှတစ်ဆင့် အပန်းဖြေသင်္ဘောတို့ဖြင့် လာရောက်လည်ပတ်နိုင်မည့် ဆိပ်ခံဇဟတ်တားမှာလည်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ASH

# The Exorcist: Believer ဇာတ်ကား ကမ္ဘာ့ဈေးကွက်၌ သီတင်းပတ်ကုန်ဝင်ငွေ အကောင်းဆုံးဇာတ်ကားအဖြစ် ရပ်တည်

**နယူးယောက် အောက်တိုဘာ ၁၀**

The Exorcist: Believer ဇာတ်ကားသည် စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဆုံးချိန်တွင် ကမ္ဘာ့ဈေးကွက်၌ သီတင်းပတ်ကုန်ဝင်ငွေအကောင်းဆုံး ဇာတ်ကားအဖြစ် ရပ်တည်နေကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

အောက်တိုဘာ ၆ ရက်တွင် စတင်ရုံတင်ခဲ့သည့် The Exorcist: Believer ဇာတ်ကားသည် စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ချိန် အောက်တိုဘာ ၉ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၅ သန်းထိ ရရှိထားကြောင်း သိရသည်။

The Exorcist: Believer ဇာတ်ကားအတွက် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ သန်း ၃၀ သုံးစွဲထားကြောင်း၊ အဆိုပါဇာတ်ကားတွင် မင်းသား လက်စလီအိုဒွန်ဂျူနီယာနှင့် မင်းသမီး အယ်လန်ဘားစတင်း၊ အိုလီဗီယာအိုနီးတို့ ပါဝင်ထားကြောင်း သိရသည်။

**Ref: Movieweb**
**Trs: KKO**




# အဆိုတော် မေသူ၏ ရုပ်သေးလိုလူ တေးသီချင်းအယ်လ်ဘမ် အောက်တိုဘာ ၁၂ ရက်တွင် ဖြန့်ချိမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

အဆိုတော် မေသူ၏ ရုပ်သေးလိုလူ တေးသီချင်းအယ်လ်ဘမ်ကို အောက်တိုဘာ ၁၂ ရက်တွင် Legacy Music Agency မှ မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

ရုပ်သေးလိုလူ တေးသီချင်းအယ်လ်ဘမ်တွင် ရုပ်သေးလိုလူ တေးသီချင်းနှင့် အသည်းကွဲရသမျှ တေးသီချင်းများ ပါဝင်မည်ဖြစ်ပြီး တေးသီချင်းများမှာ Pop တေးသီချင်းအမျိုးအစားများဖြစ်ကြောင်း၊ တေးသီချင်းများကို တေးရေးအလင်းက ရေးသားပေးထားကာ အောက်တိုဘာ ၁၂ ရက်တွင် Legacy Music Agency က ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

“ရုပ်သေးလိုလူ သီချင်းလေးက ညီမရဲ့တိုက်ဆိုင်မှုရှိတဲ့ စာသားတွေ ပါတဲ့သီချင်းပါ။ တကယ့်လက်တွေ့မှာလဲ ရုပ်သေးလိုလူ ဖြစ်နေခဲ့ရတဲ့ ကာလတစ်ခုရှိခဲ့ပါတယ်။ ညီမ




အတွက်တော့ အသည်းကွဲတယ်ဆိုတာ မပျောက်နိုင်တဲ့ရောဂါကို ဆေးမြီးတိုနဲ့ ကုနေရသလိုပါပဲ။ ကိုယ်ရှိရဲ့သားနဲ့ နောက်တစ်ယောက်ထပ်ထားလို့ အသည်းကွဲခံပြီး ဆက်ချစ်နေတဲ့မိန်းကလေးနေရာက ခံစားပြီးဆိုထားတာပါ။ ဒီသီချင်းစာသားကော သံစဉ်ကောက အသည်းကွဲတဲ့ပရိသတ်တွေအနေနဲ့ တစ်ခါလေး နားထောင်လိုက်တာနဲ့ တစ်ခုခုခံစားရမယ်လို့ထင်ပါတယ်” ဟု အဆိုတော် မေသူကပြောပြသည်။

အဆိုတော် မေသူသည် တစ်ကိုယ်တော် တေးအယ်လ်ဘမ်အနေဖြင့် ၂၀၀၈ ခုနှစ်တွင် ဘယ်သူအရေးကြီးလဲ၊ ၂၀၀၄ ခုနှစ်တွင် သာယာတဲ့ကမ္ဘာ၊ ၂၀၂၀ ပြည့်နှစ်တွင် အချစ်သင့်အချစ်ဒဏ် တေးအယ်လ်ဘမ်များကို ထွက်ရှိထားကြောင်း သိရသည်။ ASH

# တေလာဆွစ်၏ The Eras Tour ဂီတရုပ်ရှင်ကား ကြိုတင်လက်မှတ်ရောင်းအားကန်ဒေါ်လာသန်း ၁၀၀ ကျော်ရှိ

**နယူးယောက် အောက်တိုဘာ ၁၀**

ကမ္ဘာကျော် အမေရိကန်အမျိုးသမီး ပေါ့အဆိုတော် တေလာဆွစ်၏ Taylor Swift: The Eras Tour ဂီတရုပ်ရှင်ကား ကြိုတင်လက်မှတ်ရောင်းအားသည် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း အောက်တိုဘာ ၉ ရက် သတင်းများအရ သိရသည်။

အထက်ပါ ကြိုတင်လက်မှတ်ရောင်းအားအရ တေလာဆွစ်၏ The Eras Tour သည် ရုံမတင်မီမှာပင် အမြတ်များစွာရနေပြီး Taylor Swift: The Eras Tour ကို ရိုက်ကူးရေးအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၀ သန်းနှင့် သန်း ၃၀ ကြားတွင်သာရှိနိုင်သည်။

အဆိုပါ ဂီတရုပ်ရှင်ကားကို ဒါရိုက်တာ ဆမ်ရင့်က ရိုက်ကူးပေးထားခြင်းဖြစ်ပြီး တေလာဆွစ်၏ The Eras Tour ဂီတရုပ်ရှင်ကို အောက်တိုဘာ ၁၃ ရက်တွင် ကမ္ဘာ့နိုင်ငံ ၁၀၀ တို့ရှိ AMC ရုပ်ရှင်ရုံပေါင်း ၈၅၀၀ တို့တွင် စတင်ရုံတင်ပြသမည်ဖြစ်သည်။

တေလာဆွစ်၏ The Eras Tour အနေဖြင့် ကြိုတင်လက်မှတ်ရောင်းအားအရ အောင်မြင်နေသော်လည်း ဝါနာဘရားသား၏ Barbie ဇာတ်ကား၏ ကမ္ဘာတစ်ဝန်း အောင်မြင်မှုကို ကျော်ဖြတ်နိုင်ဖွယ်မရှိကြောင်း သိရသည်။

**Ref: Movieweb**
**Trs: KKO**




# ဒေးဒရဲမြို့နယ် မငေးကလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဒေးဒရဲ အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေးဒရဲမြို့နယ် မငေးကလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဇော်မျိုး၊ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဒေးဒရဲမြို့နယ် မငေးကလေးကျေးရွာ၌ အရှည် ၁၃၈၅ ပေ၊ အကျယ် ခြောက်ပေနှင့် အမြင့် ငါးလက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ အပြင် ပြည်သူလူထု ထည့်ဝင်ငွေများအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဩဂုတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မငေးကလေးကျေးရွာနေ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivers address at first coordination meeting of Central Committee for Organizing 76th Anniversary of Independence Day (2024)



Vice-Senior General Soe Win delivers address at the meeting.

**Mandalay October 10**

The first coordination meeting of the Central Committee for Organizing the 76th Anniversary of Independence Day (2024) was held at the meeting hall of the Office of the Chairman of the State Administration Council in Nay Pyi Taw this afternoon and Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address at the meeting.

Also present at the meeting were members of the central committee union ministers, the chairman of the Nay Pyi Taw Council, the commander of Nay Pyi Taw Command, deputy ministers, senior officers from the Office of the Commander-in-Chief of Defence Services and officials while chairmen of sub-committees participated in the meeting via video conferencing.

First, the Vice-Senior General delivered an address, saying the 76th Anniversary Independence Day (2024) would be held in accordance with five national objectives of national interests and national politics such as safeguarding Our Three Main National Causes of non-disintegration of the Union, non-disintegration of the national unity and perpetuation of sovereignty, promotion of all-round education sector to nurture human resources complete with knowledge, technical know-how, inherent qualities and capabilities in setting up a union system based on modern and developed democracy and federalism, exerting efforts for holding a free and fair election in accordance with the law and for offering universal suffrage to the entire country without gaps, cooperation of the entire people to restore stability by ending violence and to strengthen the multiparty democracy system and boosting MSME businesses that based on agriculture and livestock breeding. Although Independence Day would be organized in accordance with the five national objectives, roles currently taken by the State must be implemented. The country had a good experience of successfully holding the Diamond Jubilee 75th Anniversary Independence Day (2023) ceremony on a grand scale at the national level through the cooperation of all. This year's Independence Day ceremony would be organized as usual by holding three events such as the ceremony for flag raising in the morning, ceremony for presenting honorary titles in the afternoon and hosting dinner ceremony in the evening. Although it was a ceremony traditionally organized, concerted efforts must be made to organize the ceremony successfully as it was a national level event. Special emphasis must be placed on closing security loopholes. Moreover, priority must also be given to creating a healthy environment for all participants. By taking lessons of advantages and disadvantages of previous national level independence days and union days, concerted efforts must be made by all to organize the 76th Anniversary Independence Day (2024) ceremony.

Then, chairmen and officials of sub-committee for state flag raising and state flag saluting parade sub-committee, for organizing, preparation and invitation of state flag saluting ceremony, for hosting reception and dinner for Independence Day, for setting off fireworks, for launching decorated drones at the dinner, for information, for reception of Independence Day messages, for health, for organizing sports competitions and for audit reported to the Vice-Senior General on their preparations and tasks to be carried out by them to successfully organizing the 76th Anniversary Independence Day (2024) ceremony.

Then, the Vice-Senior General coordinated the needs over their reports and made concluding remarks, saying it would be necessary to organize poem, essay and extempore competitions in basic education schools and universities in honour of the 76th Anniversary Independence Day. Moreover, it would also be necessary to organize literary talks relating to Independence Day. Sub-committees would be required to exert efforts to prevent financial wastage, to invite those who should be invited, to close loopholes at the national level ceremony and to enable the public to understand the essence of independence. Then, the meeting concluded successfully.

100

# Court Martial adjudicates and sentences to Ex-Lt-Gen Moe Myint Tun and Ex-Brig-Gen Yan Naung Soe

**Nay Pyi Taw October 10**

Ex-Lt-Gen Moe Myint Tun took personal benefits against the State's foreign exchange policy, essential goods policy and other economic policies while serving the duties of the member of the State Administration Council, the Chairman of the Myanmar Investment Commission, the Chairman of the Foreign Exchange Supervisory Committee and Central Committee for Ensuring Smooth Trade and Goods, and committed treason violating the roadmap and objectives adopted by the State. Although the Central Bank of Myanmar sold US dollar for importing palm oil to be sold at the reference price, he intentionally failed to take action against the persons who raised the price of palm oil rather than the reference price set by the government. Moreover, he partook in the case, taking bribes given by companies applying his rank and authority, illegally kept foreign currencies in hand, and participated in the civilian businesses by breaking directives related to the military disciplines. Hence, he was indicted under relevant sections of laws and the Court Martial adjudicated his cases and sentenced to suffer transportation for the term of 20 years. Furthermore, Ex-Brig-Gen Yan Naung Soe serving the duties of Joint Secretary of the Central Committee for Ensuring Smooth Trade and Goods took personal benefits against the economic policies of the State and committed treason together with Ex-Lt-Gen Moe Myint Tun violating the roadmap and objectives adopted by the State by doing inconformity with foreign exchange policy, essential goods policy and other economic policies. He also exchanged foreign currency with Myanmar kyats for businesspersons by applying his rank and authority, accepted foreign currency and Myanmar kyats from businesspersons, created connection between businesspersons with Ex-Lt-Gen Moe Myint Tun, illegally kept foreign currencies in hand, and participated in the civilian businesses with violation against directives related to the military disciplines. As such, he was indicted under relevant sections of laws and the Court Martial adjudicated his cases and sentenced to suffer transportation for the term of 20 years.

100

# Maungdaw border trade camp traded goods worth over $1 million in September



Workers loading goods onto a truck.

**Maungdaw October 10**

Although weather conditions during the rainy season pose many difficulties in the Maungdaw border trade camp, more than a million dollars' worth of goods were traded via the trade camp in September of the current 2023-2024 fiscal year, according to the Ministry of Commerce.

The border trade camp, which operates border trade with Bangladesh, exported goods worth US$1.452 million and imported goods worth US$0.004 million with a total trade value of US$1.456 million in September.

As the border trade camp targeted to trade goods worth US$1.540 million— $1.500 million in exports and $0.040 million in September. Thus, the camp was able to meet the target up to 94.55 percent.

In September agricultural products, marine products, and industrial goods were exported to Bangladesh. Then, plastic Pipe, Aluminum Water Pots and Man's T-Shirt were mostly imported.

The exported goods include wet ginger, betel nut, dried coconut, jaggery, marine products including fish, dried fish, and four or four pairs of fish. The most common shipments include fish and industrial goods.

As the Maungdaw border trade centre, during the six-month period from April to September 2023-2024, exports amounted to US$6.338 million, and imports amounted to US$0.107 million. 336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Yamethin Township completes cultivation of 1,271 acres of maize as monsoon crop this monsoon

**Yamethin October 10**

A total of 1,271 acres of croplands have been placed under maize plants in Yamethin Township of Mandalay Region this monsoon, said Head of Township Agriculture Department U Aung Myo Thant.

The township cultivates maize in relevant seasons yearly. This year, the township has set a target of 900 acres under maize as monsoon crops but local farmers cultivated maize on 1,271 acres of croplands, exceeding the target.

"Our department provides necessary agricultural techniques for local farmers and raise awareness for prevention of pests in the croplands. Cultivation of maize cost less than other crops. So, local farmers extend sown acreage of maize year by year. This monsoon, they could cultivate maize exceeding the target with the aim of ensuring local food security for residents. They sell surplus maize from the local consumption to the market," said the head of township department.



A maize plantation.

The Township Agriculture Department gives agricultural techniques to local farmers how to grow the maize in the best ways and how to prevent pests such as FAW. Local farmers can earn increased incomes from maize plantations for their families. 185

# Locals from Bogale sell 77,000 visses of straw mushrooms to Yangon in Sept

**Bogale October 10**

A total of 77,000 tons of locally grown straw mushrooms were sold to Yangon in September, said Daw Myat Mon, an agricultural product trading entrepreneur in Bogale Township, Ayeyawady Region.

It is reported that only 42,000 tons of straw mushrooms were sold to Yangon last August, and 77,000 tons of straw mushrooms were sold during the month from September 1 to 31.

"At present, there are many orders for straw mushrooms. We can ship and sell on a weekly basis. Due to fewer growers, there are fewer agricultural straw mushrooms coming into the warehouse. As restaurants and hotels in the country are using more and more, the demand is also increasing. Most of the local mushrooms are consumed by Yangon residents. Local mushrooms are more popular because they are fresh," she said.

Most of the cultivated straw mushrooms produced in Bogale Township are sold to Yangon, and it is reported that the price of agricultural straw mushroom is up to 9,000 kyats per viss.

KKL



Various kinds of edible mushrooms seen at a market.

# Shan horse gran oil fetches K6,800 per viss in Mandalay market

**Mandalay October 10**

Shan horse gran oil which flowed from hilly region enters Mandalay market, fetching K6,800 per viss, said U Soe Win Myint, owner of Soe Win Myint brokerage in Mandalay.

At present, Shan horse gram is being milled to produce cooking oil in the market and the oil gets K6,800 per viss for sales to the people.

"Horse gram oil is being sold to consumers in Mandalay market. This year, horse gram set high yield, so it is being produced as oil for sale in comparison with palm oil. Horse gram oil can be used in cooking. Horse gram paste can be used as feedstuff and the bean can be made as milk and cake. Now, a large volume of horse gram oil flows into the market to meet the local demand," he explained.

Currently, Shan horse gram comes from Momeik, Mogaung, Mohnyin and Nawnghkio regions to Mandalay market. Such kind of oil is being sold to the market. Soon, southern and northern Shan State will yield horse gram. In Mandalay market, one bag of horse gram fetches K175,000.

185

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ဂျပန်နိုင်ငံက အမေရိကန်ထုတ် Tomahawk ခရုဇ်ဒုံးကျည်များဝယ်ယူရန် အရှိန်မြှင့်လုပ်ဆောင်နေ



ဂျပန်နိုင်ငံသည် အမေရိကန်ထုတ် Tomahawk ခရုဇ်ဒုံးကျည်များ ဝယ်ယူရန် အရှိန်မြှင့်လုပ်ဆောင်နေကြောင်း အောက်တိုဘာ ၄ ရက်တွင် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Minoru Kihara က အမေရိကန်နိုင်ငံ ဝါရှင်တန်၌ အမေရိကန် ကာကွယ်ရေးဝန်ကြီး Lloyd Austin နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ကီလိုမီတာ ၁၆၀၀ အကွာအဝေးထိ ပစ်လွှတ်နိုင်သော နောက်ဆုံးပေါ် Tomahawk Block V ဒုံးကျည် အစင်း ၄၀၀ ကို ဝယ်ယူရန်စီစဉ်ခဲ့ပြီး ၂၀၂၅ နှင့် ၂၀၂၇ ခုနှစ်အတွင်း ဒုံးကျည် အစင်း ၂၀၀ ကို ပထမအသုတ်အနေဖြင့် ရယူလက်ခံသွားမည်ဖြစ်ပြီး ကျန်ဒုံးကျည်များကို စာချုပ်တွင်မူလစီစဉ်ထားသည့်အတိုင်းလက်ခံရရှိသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံရှိ အင်ဒို-ပစိဖိတ်ဒေသ အပါအဝင် မည်သည့်ဒေသကိုမဆို အင်အားသုံး၍ တိုက်ခိုက်လာလျှင် မဟာမိတ်တပ်ဖွဲ့များနှင့်ပူးပေါင်း၍ အဟန့်အတားများသုံး တုံ့ပြန်သွားမည်ဖြစ်ကြောင်း Kihara က ပြောကြားသည်။

ဂျပန်နိုင်ငံသည် မြောက်ကိုရီးယားနှင့် ဒေသတွင်း တင်းမာမှုရှိနေသည့်ကြားက တန်ပြန်တိုက်ခိုက်ရေးအတွက် လက်နက်ကြီးစွမ်းရည်မြှင့်တင်ရန် Tomahawk ဒုံးကျည်များဝယ်ယူခဲ့ခြင်းဖြစ်သည်။ ဂျပန်အစိုးရသည် ကာကွယ်ရေးအသုံးစရိတ်ကို သိသိသာသာတိုးမြှင့်ခဲ့ပြီး လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့များ၏ အဆင့်အတန်းကို မြှင့်တင်ရန်အတွက် နိုင်ငံ၏ စစ်ပြီးခေတ် ငြိမ်းချမ်းရေးဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် လုပ်ဆောင်နေကြောင်း သိရသည်။

Kihara နှင့် တွေ့ဆုံစဉ်တွင် Austin သည် ဂျပန်နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် အမေရိကန်၏ မယိမ်းယိုင်သော သံမဏိစိတ်ဓာတ် ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့ပြီး ဂျပန်၏ စစ်ဘက်အားအဆင့်မြှင့်တင်လိုသောဆန္ဒကို ထောက်ခံကြောင်း အိမ်ဖြူတော်ကိုယ်စား ပြောကြားခဲ့သည်။

အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ပြီးနောက် မြောက်ကိုရီးယားသည် ဒုံးကျည်စမ်းသပ်မှုကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။ ထိုသို့လုပ်ဆောင်မှုကြောင့် အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့က ဒေသတွင်းငြိမ်းချမ်းရေးအပေါ် ခြိမ်းခြောက်နေကြောင်း အခိုင်အမာ ပြောကြားထားသည်။

**Japan to speed up purchase of US-made missiles ကို ဘာသာပြန်ဆိုထားပါသည်။**

## Rheinmetall ကုမ္ပဏီက ကန်ဒေါ်လာသန်း ၂၁၀ ဖိုးရှိ Luna NG ကင်းထောက်ဒရုန်းစနစ်များ ဂျာမနီသို့ပေးပို့မည်

Rheinmetall ကုမ္ပဏီသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာသန်း ၂၁၀ ဖိုးရှိ Luna NG ကင်းထောက်ဒရုန်းစနစ်များကို ဂျာမနီစစ်ဘက်သို့ ပေးပို့သွားမည်ဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရွှေ့ပြောင်းစနစ်အပါအဝင် စုစုပေါင်း ကင်းထောက်ဒရုန်းစနစ် ၁၃ ခုကို ၂၀၂၅ ခုနှစ် ဒုတိယသုံးလပတ်တွင် စတင်ပေးပို့မည်ဖြစ်ပြီး စာချုပ်အရ ဆက်စပ်အပိုပစ္စည်းများနှင့် လေ့ကျင့်သင်တန်းပေးရေးတို့ပါ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီကြည်းတပ်၏ ကင်းထောက်နှင့် အမြောက်တပ်ခွဲများတွင် ကင်းထောက်ဒရုန်း ငါးစင်း၊ မြေပြင်ထိန်းချုပ်မှုစနစ် နှစ်ခု၊ လောင်ချာယာဉ် နှစ်စီး၊ အင်တင်နာရွက်တိုင် နှစ်ခု၊ ပြုပြင်ရေးနှင့်သယ်ယူပို့ဆောင်ရေးယာဉ် သုံးစီးတို့တပ်ဆင်၍ တပ်ဖြန့်အသုံးပြုသွားမည်ဖြစ်သည်။

ကင်းထောက်ဒရုန်းသည် အရာဝတ္ထုပစ်မှတ်များကို အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းခြင်း၊ အမျိုးအစားခွဲခြင်းနှင့် ဖော်ထုတ်အသိအမှတ်ပြုခြင်းတို့ကို ပံ့ပိုးပေးနိုင်ရန်အတွက် တီထွင်ခဲ့ခြင်းဖြစ်သည်ဟု Rheinmetall ၏ အဆိုအရ သိရသည်။

ယူကရိန်းပဋိပက္ခအတွင်း ရရှိခဲ့သော အတွေ့အကြုံများမှ စစ်ဆင်ရေးတွင် အချိန်နှင့်တစ်ပြေးညီထောက်လှမ်းမှုရလဒ်များ၏ အဆုံးအဖြတ်အရေးကြီးမှုကို သိခဲ့ရသည်ဟု ဂျာမနီစစ်လက်နက်ထုတ်လုပ်ရေးကော်ပိုရေးရှင်းက ထုတ်ပြန်ခဲ့သည်။

ဂျာမနီသည် ယူကရိန်းသို့အရေအတွက် သတ်မှတ်ဖော်ပြထားခြင်းမရှိဘဲ Luna ကင်းထောက်ဒရုန်းများပေးပို့ရန် Rheinmetall ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ဒရုန်းများကို ယခုနှစ်အတွင်း ပေးပို့မည်ဖြစ်သည်။

၎င်း၏ မော်ဂျူလာဒီဇိုင်းသည် LTE (ကြိုးမဲ့ ဘရော့ဘန်းဆက်သွယ်ရေး) နှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးပံ့ပိုးမှု အစီအမံများကဲ့သို့သော ရည်မှန်းချက်တာဝန် သီးသန့်ထမ်းဆောင်နိုင်ရန် အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်သည်။



HX ထရပ်ကားပေါ် တပ်ဆင်ထားသော Luna NG ကင်းထောက်ဒရုန်းသည် အလေးချိန် ကီလိုဂရမ် ၁၁၀ (၂၄၂ ပေါင်) ရှိပြီး လေထဲတွင်တစ်ဆက်တစ်စပ်တည်း ပျံသန်းနေနိုင်ချိန် ၁၂ နာရီကျော်ဖြစ်သည်။ ၎င်းသည် အမြင့်ပေ မီတာ ၅၀၀၀ (၁၆၄၀၄ ပေ) နှင့် အကွာအဝေး ကီလိုမီတာ ၁၀၀ (၆၂ မိုင်)၊ ဂြိုဟ်တုဆက်သွယ်ရေးမှတစ်ဆင့် ကီလိုမီတာ ၃၀၀ (၁၈၆ မိုင်) ထိ အတိုင်းအတာအတွင်းစစ်ဆင်ရေး တာဝန်များဆောင်ရွက်နိုင်မည်ဖြစ်သည်။

**Germany Orders Rheinmetall Reconnaissance Drones for $210M ကို ဘာသာပြန်ဆိုထားပါသည်။**

## ပိုလန်က ယူကရိန်းကို Patriot စနစ်ပေးအပ်လျှင် အမေရိကန်ထံမှ Iron Dome များ ပြန်လည်ရရှိမည်

ပိုလန်သည် ယူကရိန်းကို Patriot လေကြောင်းရန် ကာကွယ်ရေးစနစ်ပေးအပ်လျှင် အပြန်အလှန်အဖြစ် အမေရိကန်က Iron Dome များ ပိုလန်ကိုပံ့ပိုးမည်ဟု အမေရိကန် အထက်လွှတ်တော်အမတ် Van Hollen က ပြောကြားကြောင်း www.armyrecognition.com သတင်းဌာနက အောက်တိုဘာ ၈ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပြုချက်သည် အထူးသဖြင့် ယူကရိန်း ရင်ဆိုင်နေရသောလက်ရှိစိန်ခေါ်မှုများကိုထောက်ရှု၍ ဒေသတွင်းရှိ အမေရိကန်မဟာမိတ်များနှင့် မိတ်ဖက်များကြား ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးခိုင်မာစေရေး မဟာဗျူဟာမြောက် အရေးပါမှုကို အလေးပေးဖော်ပြလျက်ရှိသည်။



အမေရိကန်သည် ပိုလန်ကို Patriot စနစ်များ ရောင်းချထားပြီးဖြစ်ရာ ၎င်းစနစ်များကို ယူကရိန်းအား ပံ့ပိုးပါက ပိုလန်နိုင်ငံကို Iron Dome များ ပေးမည်ဖြစ်သည်။ အမေရိကန်နိုင်ငံသည် ပိုလန်နိုင်ငံသို့ ဆက်လက်ပေးအပ်လွှဲပြောင်းရန် ကျန်ရှိနေသေးသည့် Patriot တပ်ခွဲနှစ်ခွဲရှိနေသေးသည့်အတွက် ဤလဲလှယ်မှုကို လက်ခံနိုင်ဖွယ်ရှိနေသည်။

၂၀၁၈ ခုနှစ်က ပိုလန်သည် အမေရိကန်ထုတ် Patriot ဒုံးခွင်းဒုံးစနစ်များ ဝယ်ယူရန်အတွက် ကာကွယ်ရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဤစာချုပ်သည် ဝါဆောမြို့တွင် တည်ဆောက်နေသော Wisla အမျိုးသား ဒုံးကျည်ကာကွယ်ရေးစနစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ သဘောတူညီချက်တွင် အပိုဒ်နှစ်ပိုဒ်ပါဝင်ပြီး ပိုလန်နိုင်ငံသည် လောင်ချာ ၁၆ စင်း၊ ဒုံးကျည် ၂၀၈ စင်းနှင့် ရေဒါစခန်း လေးခုတို့ကို ဝယ်ယူရန်နှင့် Narew တာတိုပစ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်အတွက် လောင်ချာ ၁၃၈ ခုနှင့် ဒုံးကျည် ၁၀၀၀ ကျော် ဝယ်ယူရန်ဖြစ်သည်။

ဤစနစ်၏ အဓိကရည်ရွယ်ချက်မှာ တိုက်ခိုက်ရေးဇုန်များနှင့် လေတပ်အခြေစိုက်စခန်းများရှိ တပ်ဖွဲ့ဝင်များနှင့် အဆောက်အအုံများကို လေကြောင်းရန်အကာအကွယ်ပေးရန်ဖြစ်ပြီး Wisla တာလတ်ပစ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်ဖြစ်ကြောင်း သိရသည်။

Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်သည် လေယာဉ်ကိုတန်ပြန်ရန် အဓိကရည်ရွယ်ချက်ဖြင့် ကနဦးတီထွင်ခဲ့ခြင်းဖြစ်သည်။ သို့သော်ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များနှင့် အဆင့်မြင့်တိုက်လေယာဉ်များကို ကြားဖြတ်တားဆီးရန် ၎င်း၏စွမ်းရည်များကို စဉ်ဆက်မပြတ်မြှင့်တင်ခဲ့သည်။

Patriot စနစ်၏ ထူးခြားချက်တစ်ခုမှာ ကီလိုမီတာများစွာ အကွာအဝေးရှိ လေကြောင်းခြိမ်းခြောက်မှုများကို တိုက်ခိုက်ချေဖျက်နိုင်စွမ်းရှိသည့်၎င်း၏အကွာအဝေးစွမ်းဆောင်ရည်ပင်ဖြစ်သည်။ ၎င်းသည် အချက်အချာရေးယာကြီးများနှင့် မဟာဗျူဟာမြောက်ပိုင်ဆိုင်မှုများကို ခုခံကာကွယ်ရန် အသုံးဝင်သည့်စနစ်လည်းဖြစ်သည်။

Iron Dome လက်နက်စနစ်သည် တာတိုပစ်ဒုံးကျည်များနှင့်အမြောက်ကျည်များကို ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိပြီး တာဝေးပစ်လေကြောင်းတိုက်ခိုက်မှုများကိုတန်ပြန်ရန် အထူးဒီဇိုင်းထုတ်ထားကာ မဟာဗျူဟာကျရေးယာများကို ဒုံးကျည်ဖြင့် တိုက်ခိုက်ခြင်းမှ ကာကွယ်ရာတွင် အဓိကကျသော စနစ်ဖြစ်သည်။

**US Senator Van Hollen Proposes Poland Give Patriot Air Defense to Ukraine in Exchange for Iron Dome ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၀၀၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၀၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၅၈၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၀၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲစင်းငုံဧက ၅၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုက တော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲစိုက်ပျိုးကြပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲစင်းငုံကို ၂၀၂၂ ခုနှစ် မေလမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၅၈၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး အတွက် ကွင်းဆင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ကွမ်းလုံမြို့နယ် ကောင်းကဲကျေးရွာ၌ ရေသန့်စင်စက် တပ်ဆင်ပြီးစီးမှုစစ်ဆေး

**ကွမ်းလုံ အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် ကွမ်းလုံမြို့နယ် ကောင်းကဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ရေသန့်စင်စက်တပ်ဆင်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၃၀ ဖြင့် ဆောင်ရွက်သည့် ကောင်းကဲကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ရေသန့်စင်စက် တပ်ဆင်သည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက ရေသန့်စင်စက် ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



ကွမ်းလုံမြို့နယ် ကောင်းကဲကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ဆောင်ရွက်သည့် ရေသန့်စင်စက်သည် တစ်ရက်လျှင် သောက်သုံးရေဂါလန် ၂၂၀၀ ကို ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါရေသန့်စင်စက်တပ်ဆင်ခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ကျေးလက်နေပြည်သူများ ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေကို ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ (၄၀၄)

# တောင်သာမြို့နယ် အရှေ့ဘက်တဲကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အရှေ့ဘက်တဲကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေထုတ်ပေးခြင်း ဖြစ်ကြောင်း၊ အသင်းသားများ အနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ အရှေ့ဘက်တဲကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၁ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၂၅ ဒသမ ၀၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် တစ်သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၉ ဦးကို ရန်ပုံငွေကျပ် ၄၇ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၀-၁၀-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်မထ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်




**မန္တလေး အောက်တိုဘာ ၁၀**

မဟာအောင်မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကိုးကျောင်းကို ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးသော နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါမြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်စကားပြောကြားရာတွင် နိုင်ငံသားတိုင်း မရှိမဖြစ်ကိုင်ဆောင်ရသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအတွက် နိုင်ငံတော်က ပန်းခင်းစီမံချက်ချမှတ်ပြီး ကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်၊ ကျေးရွာများပါမကျန် ကွင်းဆင်းကာ ပြုလုပ်ဆောင်ရွက်ပေးနေပါကြောင်း၊ ခရီးသွားလာရာတွင် အသုံးပြုရုံတင်မကဘဲ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍများတွင် အရေးပါသည့် ကတ်ပြားတစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ကျောင်းများသို့ တိုက်ရိုက်ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် များစွာအကျိုးရှိပါကြောင်းနှင့် လူတစ်ဦးအတွက် တစ်သက်တာတွင် နိုင်ငံသားစိစစ်ရေးကတ်နံပါတ် တစ်ခုတည်းသာ အသုံးပြုရမည်ဖြစ်သည့်အတွက် ရရှိပြီး နိုင်ငံသားစိစစ်ရေးကတ်များကို မပျောက်မပျက်စီးအောင် စနစ်တကျကိုင်ဆောင်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်လူမှုရေးရာဝန်ကြီးတို့က ပန်းခင်းစီမံချက်(၂)ဖြင့်ဆောင်ရွက်ပြီးစီးခဲ့သည့် အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကိုးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ် ၁၅၇၀ အား သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံသို့ ပေးအပ်ကာ ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများနှင့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

နိုင်ငံတော်စီမံချက်ဖြင့် ပန်းခင်းစီမံချက်အဆင့်(၁)ကို ၂၀၂၁ ခုနှစ် မေလမှ ၂၀၂၂ ခုနှစ် ဇူလိုင်လထိဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၄၀၄၅၉၁ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ပန်းခင်းစီမံချက် အဆင့်(၂)ကို ၂၀၂၃ ခုနှစ် ဩဂုတ်လမှစတင်ဆောင်ရွက်လျက်ရှိရာ ၅၈ ဒသမ ၀၁ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် Smart Card သို့ အခြေခံထားသည့် Biometric (ဇီဝဆိုင်ရာ အချက်အလက်) ကောက်ယူခြင်းများကိုလည်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

ရှေ့ဖုံးမှအဆက်

ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ် (၇၆) ကြိမ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် (၅)ရပ်ဖြစ်သည့် အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး၊ ဥပဒေနှင့်အညီလွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးနိုင်ခွင့် ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်ရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ် သတ်မှတ်ထားသော်လည်း နိုင်ငံတော်က လက်ရှိဆောင်ရွက်နေသည့် အခန်းကဏ္ဍများကိုထည့်သွင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကိုလည်း အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်အဆင့် ကြီးကျယ်ခမ်းနားစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် အတွေ့အကြုံကောင်းများလည်း ရရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုနှစ်လွတ်လပ်ရေးနေ့ အခမ်းအနားကို ပုံမှန်အတိုင်း နံနက်ပိုင်းတွင် အလံတင် အခမ်းအနား၊ နေ့လယ်ပိုင်းတွင် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ပေးအပ်ခြင်းနှင့် ညပိုင်းတွင် ညစာစားပွဲအခမ်းအနားတို့ဖြင့် အပိုင်းသုံးပိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးနေ့အခမ်းအနားသည် ပုံမှန်ကျင်းပနေသည့် အခမ်းအနားဖြစ်သော်လည်း နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အထူးသဖြင့် လုံခြုံရေးကိစ္စကို လစ်ဟာမှုမရှိစေရန် အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် တက်ရောက်လာကြသူအားလုံးအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်နေထိုင်မှုများဖြစ်စေရန် အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ နိုင်ငံတော်အဆင့် အခမ်းအနားများ၏ အားသာချက် အားနည်းချက်များကို သင်ခန်းစာရယူပြီး ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို လိုအပ်ချက်များမရှိအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ စစ်ရေးပြဆပ်ကော်မတီ၊ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့်ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ညခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများပစ်ဖောက်ရေးဆပ်ကော်မတီ၊ ညစာစားပွဲအလှပြ Drone လွှတ်တင်ဖျော်ဖြေရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေး ဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများ ကျင်းပရေး ဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းတာဝန်များ ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကျောင်းများတွင် ကဗျာ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲများကျင်းပပေးရန်လိုကြောင်း၊ ထို့ပြင် လွတ်လပ်ရေးနေ့နှင့်သက်ဆိုင်သည့် စာပေဟောပြောပွဲများကိုလည်း ကျင်းပပြုလုပ်ပေးသွားရန်လိုကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် ငွေကြေးသုံးစွဲမှုများတွင် အလေအလွင့်မရှိစေရေး၊ ပါဝင်သင့်ပါဝင်ထိုက်သူများပါရှိစေရေး၊ နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့်အတွက် ဘက်ပေါင်းစုံ လစ်ဟာမှုမရှိစေရေးနှင့် လွတ်လပ်ရေးအနှစ်အရသာကို အများပြည်သူများ သိရှိနိုင်စေရေး ကြိုးပမ်းဆောင် ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

---

## ပြည်သူများသို့ အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများတွင် အီလက်ထရောနစ်မဲပေးစက် အသုံးပြုမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနရုံးများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများတွင် ၁၄-၈-၂၀၂၃ ရက်မှစ၍ MEVM စက်အသုံးပြု၍ မဲပေးပုံနည်းစနစ်များကို ရှင်းလင်းပြသခြင်း၊ ဝန်ကြီးဌာနများရှိ ဝန်ထမ်းများအား ကိုယ်တိုင်လက်တွေ့ မဲပေးစေခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စုနယ်မြေအတွင်းရှိ ပြည်သူများ MEVM စက်အသုံးပြု၍ လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် MEVM စက်အသုံးပြုမဲပေးပုံနည်းစနစ်များ ရှင်းလင်းသရုပ်ပြသခြင်းကို အောက်ဖော်ပြပါ မြို့နယ်များတွင် ယှဉ်တွဲပါနေ့ရက်များအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | မြို့နယ် | နေ့ရက် | | | နေရာ |
|---|---|---|---|---|---|
| (က) | ဥတ္တရသီရိ | ၁၁-၁၀-၂၀၂၃ | မှ | ၁၃-၁၀-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (ခ) | ပုဗ္ဗသီရိ | ၁၇-၁၀-၂၀၂၃ | မှ | ၂၀-၁၀-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (ဂ) | ဇေယျာသီရိ | ၂၃-၁၀-၂၀၂၃ | မှ | ၂၇-၁၀-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (ဃ) | တပ်ကုန်း | ၃၁-၁၀-၂၀၂၃ | မှ | ၆-၁၁-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (င) | ပျဉ်းမနား | ၇-၁၁-၂၀၂၃ | မှ | ၁၃-၁၁-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (စ) | ဒက္ခိဏသီရိ | ၁၄-၁၁-၂၀၂၃ | မှ | ၁၇-၁၁-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |
| (ဆ) | လယ်ဝေး | ၂၀-၁၁-၂၀၂၃ | မှ | ၂၄-၁၁-၂၀၂၃ | မြို့နယ်စည်ပင်ခန်းမ |
| (ဇ) | ဇမ္ဗူသီရိ | ၂၈-၁၁-၂၀၂၃ | မှ | ၃၀-၁၁-၂၀၂၃ | မြို့နယ်အစည်းအဝေးခန်းမ |

၃။ ပြည်ထောင်စုနယ်မြေအတွင်းရှိ မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် အထက်ဖော်ပြပါနေ့ရက်များတွင် MEVM စက်အသုံးပြု၍ မဲပေးပုံနည်းစနစ်များ ရှင်းလင်းပြသခြင်းအား လာရောက်လေ့လာနိုင်ပါကြောင်းနှင့် ကိုယ်တိုင်လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"အမှားကိုအမှန်လုပ် အကျိုးယုတ် မျိုးပြုတ်သင့်သည့်မီဒီယာ"**ခေါင်းစဉ်ဖြင့် ၁၁-၁၀-၂၀၂၃ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင်**"PDF အကြမ်းဖက်သမားတွေရဲ့ အကွဲအပြဲဓာတ်လမ်းများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

---

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၁-၁၀-၂၀၂၃ (ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၃း၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၆း၂၀ | K Pop |

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ၏ နိုင်ငံပိုင်ဘူမိသိပ္ပံစူးစမ်းလေ့လာရေးနှင့် ရှာဖွေရေးအဖွဲ့ ROTEOနှင့်တွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၀**

(၆)ကြိမ်မြောက် ရုရှားစွမ်းအင် ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်(REW) သို့တက်ရောက်ရန် ရုရှားနိုင်ငံ မော်စကိုမြို့၌ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ၏ နိုင်ငံပိုင် ဘူမိသိပ္ပံစူးစမ်းလေ့လာရေးနှင့် ရှာဖွေရေး အဖွဲ့ ROTEO၏ နိုင်ငံတကာလုပ်ငန်းများ ဌာနကြီးမှူး Mr. Alexander ဦးဆောင်သောအဖွဲ့နှင့် နည်းပညာဆိုင်ရာများ ဆွေးနွေးသည်။

တွေ့ဆုံစဉ် ROTEO ၏ နိုင်ငံတကာ လုပ်ငန်းများဌာနကြီးမှူး Mr. Alexander က ROTEO သည် ရုရှားဖက်ဒရေးရှင်း သမ္မတနိုင်ငံက ရာနှုန်းပြည့်ပိုင်ဆိုင်သော ဘူမိသိပ္ပံစူးစမ်းလေ့လာရေးနှင့် ရှာဖွေရေး အဖွဲ့ဖြစ်ပြီး ရေနံ၊ ဓာတ်သတ္တုရှာဖွေရေးနှင့် သက်ဆိုင်သော ဘူမိရူပဗေဒလေ့လာခြင်း၊ တွင်းတူးဖော်ခြင်း၊ ကမ်းလွန်ဆိုက်စမစ်နှင့် မြေဆွဲအားတိုင်းတာခြင်း၊ ဘူမိဗေဒဆိုင်ရာ စူးစမ်းတိုင်းတာခြင်းနှင့် သုတေသနဓာတ်ခွဲခြင်းလုပ်ငန်းများ လုပ်ဆောင်ပါကြောင်း၊ ROTEOတွင် လက်အောက်ခံကုမ္ပဏီ ၆၄ခု ရှိ၍ နိုင်ငံတကာတွင် လုပ်ငန်းများပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေး ပြောကြားပြီး တူးဖော်ပြီးရေနံတွင်းဟောင်းများမှ Low Potential Layer များကို ဉာဏ်ရည်တု (AI နည်းပညာသုံးဆော့ဝဲလ်) နည်းပညာအသုံးပြု၍ ရေနံထုတ်ယူနိုင်မည့် နည်းပညာကိုလည်းကောင်း၊ တိုင်းတာပြီး အချက်အလက်အားလုံးကိုစုစည်း၍ ဘူမိအနည်ကျချိုင့်ဝှမ်း(Sedimentary Basin) ကို ခွဲခြမ်းစိတ်ဖြာလေ့လာဆောင်ရွက်ပြီး ရေနံမြေအသစ်များ ဖော်ထုတ်နိုင်မှုကိုလည်းကောင်း၊ 2D, 3D ဆိုက်စမစ်တိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုနှင့် တိုင်းတာရရှိသည့် အချက်အလက်များကို အကဲဖြတ်ခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မည့် အလားအလာရှိသောနေရာများကို ဖော်ထုတ်ပေးနိုင်မှုကိုလည်းကောင်း၊ ဘူမိဗေဒဆိုင်ရာ 3D မော်ဒယ်တည်ဆောက်ပေးနိုင်မှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ခေတ်မီနည်းပညာများကို အသုံးပြုနိုင်ခြင်းဖြင့် ဆုံးရှုံးမှုနှင့် စွန့်စားမှုများကို လျှော့ချနိုင်ကြောင်းသိရှိရသည့်အတွက် စိတ်ဝင်စားပါကြောင်း၊ မိမိတို့နိုင်ငံ၏ ကုန်းတွင်းရေနံ တူးဖော်ထုတ်လုပ်ရေးသည် သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ရေနံအထွက်နှုန်း ကျဆင်းလာမှုအပေါ် နည်းပညာအသုံးပြု၍ ရေနံအထွက်တိုးစေရန် လက်တွေ့ဆောင်ရွက်နိုင်မှုနည်းလမ်းများကို သိရှိရသဖြင့် မိမိတို့အတွက် များစွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း၊ ROTEO အဖွဲ့နှင့် နည်းပညာပိုင်းဆိုင်ရာများ အသေးစိတ် ထပ်မံဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်သွားလိုကြောင်းဖြင့် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**❑ အခြေခံရည်ညွှန်းစပါးဈေးနှုန်းမှ**

အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ၇၅၀၀၀၀ ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်းဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်းဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၃ ခုနှစ် မိုးစပါးနှင့် ၂၀၂၄ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ် (ဖုန်း ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆) သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

---

## အောက်တိုဘာ ၁၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂၇၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၅ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

---

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးနေလင်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

---

## မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၉၇/၂၀၂၃**
၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်မိမိမော်အား မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

## မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၉၈/၂၀၂၃**
၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ခင်နှင်းထွေးအား မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

## အရှေ့အလယ်ပိုင်းဒေသတွင် လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သဘောထားအမြင်

အရှေ့အလယ်ပိုင်းဒေသတွင် လတ်တလောဖြစ်ပေါ်လာသည့် တိုက်ခိုက်မှုများအတွက် မြန်မာနိုင်ငံအနေဖြင့် စိုးရိမ်မကင်းဖြစ်မိပါကြောင်း၊ ယခုဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို အနီးကပ်လေ့လာစောင့်ကြည့်လျက်ရှိပြီး ပဋိပက္ခပိုမိုကြီးထွားလာမှု မဖြစ်စေရေးနှင့် လက်ရှိဖြစ်ပွားနေဆဲတင်းမာမှုများကို လျှော့ချရေးတို့အတွက် သက်ဆိုင်ရာနှစ်ဖက်အဖွဲ့အစည်းများအကြား ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန်နှင့် ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်သွားရန် တိုက်တွန်းပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်**



တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် ရေဘေးသင့် ပြည်သူများကို စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၀**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

☆ **ကျောဖုံးမှအဆက်**

အလားတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ အောက်တိုဘာ ၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများသို့ ယနေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းကူညီပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲခူးမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၁၉ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

# ဆေးနှီးနှွယ်တက္ကသိုလ်များနှင့် ဗဟိုအဆင့်ဆေးရုံကြီးများ၏ ဥပဓိရုပ်ကောင်းမွန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးနှီးနှွယ်တက္ကသိုလ်များနှင့် ဗဟိုအဆင့်ဆေးရုံကြီးများ၏ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဆေးနှီးနှွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဗဟိုအဆင့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်စကားပြောကြားပြီး ဗဟိုအဆင့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဆေးနှီးနှွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များက ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့်အခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ ဥက္ကဋ္ဌများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ဘက်စုံစိုက်ပျိုးရေးနှင့်မွေးမြူရေးခြံတွင် နွားများမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက အမ်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်းများနှင့် တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံစိုက်ပျိုးရေးနှင့်မွေးမြူရေးခြံများ၌ ဆောင်ရွက်ထားရှိသည့် နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ အသားတိုးကြက်၊ DYL ဝက်၊ ဥစားဘဲ၊ ဆိတ်မွေးမြူရေးခြံများနှင့် ရာသီသီးနှံစိုက်ခင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ကျောက်မဲမြို့၊ နမ့်လန်မြို့၊ ခိုလမ်မြို့နှင့် လှည်းကူးမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သာသနာ့နွယ်ဝင်သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ရှိ မိုးကောင်း သန္တကာမီသီလရှင်ကျောင်းနှင့် နမ့်လန်မြို့ရှိ မဟာမြတ်မုနိဘုရားကြီး ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၄၅ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင် ၁၀၆ ပါးတို့ကိုလည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ စာသင်သား သံဃာတော် ၁၃၃ ပါးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာအုပ်စု ဥတိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၁၇ဦးတို့ကိုလည်းကောင်း သတ်မှတ်နေရာ အသီးသီး၌ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ငှက်ဖျားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဒုတိယပိုလ်ချုပ်ကြီး(ဟောင်း)မိုးမြင့်ထွန်းနှင့် ပိုလ်မှူးချုပ်(ဟောင်း)ရန်နောင်စိုးတို့ကို စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် အောက်တိုဘာ ၁၀**

ဒုတိယပိုလ်ချုပ်ကြီး(ဟောင်း)မိုးမြင့်ထွန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံခြားသုံးငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးဗဟိုကော်မတီဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်စဉ်အတွင်း နိုင်ငံတော်၏ နိုင်ငံခြားသုံးငွေဆိုင်ရာမူဝါဒ၊ အရေးကြီးကုန်စည်ဆိုင်ရာမူဝါဒနှင့် အခြားစီးပွားရေးဆိုင်ရာမူဝါဒများနှင့်ဆန့်ကျင်၍ ပုဂ္ဂိုလ်ရေး အကျိုးအမြတ်ရယူဆောင်ရွက်ခဲ့ခြင်းဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို သွေဖည်ဆောင်ရွက်၍ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခဲ့ခြင်း၊ နိုင်ငံတော်အစိုးရက စားအုန်းဆီများကိုတင်သွင်းရန် သတ်မှတ်ရာခိုင်နှုန်းအတွက် ကျသင့်ဒေါ်လာများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးကာတင်သွင်းစေခဲ့သော်လည်း နိုင်ငံတော်အစိုးရက ခွင့်ပြုရောင်းချရန် သတ်မှတ်ထားသည့် ရည်ညွှန်းဈေးနှုန်းထက် ဈေးတင်ရောင်းချခြင်းကို သိလျက်အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ပတ်သက်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီများက ပေးအပ်သည့် တံစိုးလက်ဆောင်ပစ္စည်းများကို ရာထူးလုပ်ပိုင်ခွင့်ကို အသုံးပြု၍ ရယူဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံခြားသုံးငွေများကို တရားမဝင်လက်ဝယ်ထားရှိခြင်း၊ စစ်စည်းကမ်းဆိုင်ရာ ညွှန်ကြားချက်များကို ဖောက်ဖျက်၍ အရပ်ဘက်စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာဥပဒေပုဒ်မများဖြင့် စွဲချက်တင်ကာ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး နှစ်ဆယ်နှစ်ကာလနှင့်ညီမျှသော တစ်သက်တစ်ကျွန်းဒဏ်ကိုလည်းကောင်း၊ ဗိုလ်မှူးချုပ်(ဟောင်း) ရန်နောင်စိုးသည် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်၍ ပုဂ္ဂိုလ်ရေး အကျိုးအမြတ်ရယူဆောင်ရွက်ခြင်း၊ နိုင်ငံခြားသုံးငွေဆိုင်ရာမူဝါဒ၊ အရေးကြီးကုန်စည်ဆိုင်ရာမူဝါဒနှင့် အခြားစီးပွားရေးဆိုင်ရာမူဝါဒများနှင့် ဆန့်ကျင်ကာ နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို သွေဖည်ဆောင်ရွက်၍ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း) မိုးမြင့်ထွန်းနှင့် အတူ ပူးပေါင်းကျူးလွန်ခဲ့ခြင်း၊ ရာထူးလုပ်ပိုင်ခွင့်ကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံခြားငွေနှင့် မြန်မာကျပ်ငွေများကို လဲလှယ်ပေးခဲ့ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များထံမှ နိုင်ငံခြားငွေနှင့် မြန်မာကျပ်ငွေများကို လက်ခံရယူခဲ့ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များကို ဒုတိယဗိုလ်ချုပ်ကြီး(ဟောင်း)မိုးမြင့်ထွန်းနှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားငွေများကို တရားမဝင်လက်ဝယ်ထားရှိခြင်း၊ စစ်စည်းကမ်းဆိုင်ရာ ညွှန်ကြားချက်များကို ဖောက်ဖျက်၍ အရပ်ဘက်စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းတို့ကို ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာ ဥပဒေပုဒ်မများဖြင့် စွဲချက်တင်ကာ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ပြီး နှစ်ဆယ်နှစ်ကာလနှင့်ညီမျှသော တစ်သက်တစ်ကျွန်းဒဏ်ကိုလည်းကောင်း အသီးသီးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Than Htike Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် လင်းမြွှေချောင်းကျေးရွာနေ သန်းထိုက်ဦးကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မတ္တရာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အိန္ဒိယနိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် ဦးနှောက်အတွင်းရောင်ရမ်းမှုနှင့် စိတ်ကျန်းမာရေးပြဿနာများဖြစ်ပေါ်စေနိုင်ကြောင်း ကျွမ်းကျင်သူများ သတိပေး




**နယူးဒေလီ အောက်တိုဘာ ၁၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်နှင့်ဝန်းကျင်ဒေသများတွင် လေထုညစ်ညမ်းမှုကြောင့် ဦးနှောက်အတွင်း ရောင်ရမ်းမှုနှင့် စိတ်ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာစေနိုင်ကြောင်း ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူများက သတိပေးပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေထုညစ်ညမ်းမှုအပြင် ရေကြီးမှုနှင့်မုန်တိုင်းများကဲ့သို့ ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကြောင့် ပတ်ဝန်းကျင်ပြောင်းလဲမှုများသည်လည်း စိတ်ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း All India Institute of Medical Science စိတ်ရောဂါကုဌာနမှ ပါမောက္ခဒေါက်တာ Nand Kumar က ပြောကြားခဲ့ကြောင်း သိရသည်။

"ဒီလို ရာသီဥတုပြောင်းလဲမှုတွေကို ကြုံတွေ့ရသူတွေဟာ စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ၊ စိတ်ဓာတ်ကျရောဂါ ဒါမှမဟုတ် ဆေးဝါးသုံးစွဲမှုမမှန်တာတွေလိုမျိုး ပြင်းထန်တဲ့ စိတ်ကျန်းမာရေးပြဿနာတွေ ရှိလာနိုင်ပါတယ်" ဟု Nand Kumar က ပြောကြားခဲ့သည်။

University of Chicago's energy Policy Institute ၏ ၂၀၂၃ ခုနှစ်အတွက် လေထုအရည်အသွေးညွှန်းကိန်းအစီရင်ခံစာအရ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှုဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး မြို့တော်နယူးဒေလီမှာလည်း ကမ္ဘာ့လေထုညစ်ညမ်းမှုအများဆုံး မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။

ဗြိုဟ်တုမှရရှိသော သတင်းအချက်အလက်များအရ အိန္ဒိယနိုင်ငံလေထုအတွင်း PM 2.5အမှုန်အမွှားပါဝင်မှုသည် ၂၀၂၀ ပြည့်နှစ်က တစ်ကုဗမီတာတွင် ၅၆ ဒသမ ၂ မိုက်ခရိုဂရမ်ရှိရာမှ ၂၀၂၁ ခုနှစ်၌ တစ်ကုဗမီတာတွင် ၅၈ ဒသမ ၇ မိုက်ခရိုဂရမ်ထိ တိုးလာကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကျန်းမာရေးအတွက် ဘေးကင်းမှုအဖြစ်သတ်မှတ်ထားသော PM 2.5 အမှုန်အမွှားပါဝင်မှု တစ်ကုဗမီတာလျှင် ၅ မိုက်ခရိုဂရမ်ထက် ၁၀ ဆခန့် ပိုများနေကြောင်း သိရသည်။

**Ref : Greater Kashmir**
**Trs : AZH**

# အာဖဂန်နစ္စတန်နိုင်ငံတွင် ငလျင်ကြောင့် ဒဏ်ရာရရှိသူနှင့်ဆေးရုံတင်ထားရသူ သုံးပုံနှစ်ပုံက အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်

**ကဘူးလ် အောက်တိုဘာ ၁၀**

အာဖဂန်နစ္စတန်နိုင်ငံတွင် မကြာသေးမီက အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူနှင့်ဆေးရုံတင်ထားရသူ သုံးပုံနှစ်ပုံသည် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ အရေးပေါ်တုံ့ပြန်ရေး အကြီးအကဲဖြစ်သူ Alaa AbouZeid က အောက်တိုဘာ ၉ ရက်က ပြောကြားခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အောက်တိုဘာ ၇ ရက် နံနက် ၁၁ နာရီခန့်က အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ ငလျင်လှုပ်ခတ်ချိန်တွင် နေအိမ်များအတွင်း ကလေးသူငယ်များနှင့် အမျိုးသမီးအများစုသာရှိသည့်အချိန်ဖြစ်သောကြောင့် ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိသူများနှင့် ဆေးရုံတင်ထားရသူ သုံးပုံနှစ်ပုံမှာ အမျိုးသမီးနှင့်ကလေးသူငယ်များသာဖြစ်ကြောင်း Alaa AbouZeid က အောက်တိုဘာ ၉ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

ဆေးရုံရှိ ကလေးသူငယ်အများအပြားမှာ စိုးရိမ်ရသောအခြေအနေရှိနေကြောင်း၊ အာဖဂန်နစ္စတန်ငလျင်နှင့်ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာအာရုံစိုက်မှုနှင့် ရန်ပုံငွေရရှိမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများတွင် ဘဏ္ဍာငွေပံ့ပိုးမှုမှာ အရေးကြီးကြောင်း ငလျင်လှုပ်ခတ်မှုဖြစ်ပွားရာ ဟီရက်မြို့သို့ရောက်ရှိစဉ် Alaa Abou-Zeid က ပြောကြားခဲ့သည်။

ငလျင်တုံ့ပြန်ရေးအဖွဲ့များအနေဖြင့် အသက်များစွာကိုကယ်တင်နိုင်ခဲ့သော်လည်း နောက်ထပ်သေဆုံးမှုများနှင့် အလားတူအခြေအနေများကို ရင်ဆိုင်နိုင်ရန် ဆေးရုံများသည် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများလိုအပ်နေသေးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါငလျင်အတွင်း လူဦးရေ ၂၄၀၀ ခန့် သေဆုံးခဲ့ပြီး လူဦးရေ ၂၀၀၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု တာလီဘန်အစိုးရက ပြောကြားထားကြောင်း သိရသည်။

**Ref : France24**
**Trs : AZH**

# မက္ကဆီကိုနိုင်ငံ ပစိဖိတ်ကမ်းခြေတွင် တိုက်ခတ်နေသည့် အပူပိုင်းမုန်တိုင်းလီဒီယာ ဟာရီကိန်းမုန်တိုင်းအသွင်သို့ ကူးပြောင်းဖွယ်ရှိနေ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၀**

မက္ကဆီကိုနိုင်ငံ ပစိဖိတ်ကမ်းခြေတွင် တိုက်ခတ်နေသည့် လီဒီယာအပူပိုင်းမုန်တိုင်းသည် လာမည့်ရက်ပိုင်းအတွင်း ဟာရီကိန်းမုန်တိုင်းအသွင်သို့ ကူးပြောင်းဖွယ်ရှိနေသည်ဟု အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လီဒီယာအပူပိုင်းမုန်တိုင်းသည် ဘာဂျာကယ်လီဖိုးနီးယားကျွန်းတောင်ဘက်ပိုင်းတွင် တိုက်ခတ်နေခြင်းဖြစ်ပြီး ပြင်းအား တစ်နာရီ ကိုးမိုင်နှုန်းဖြင့် တိုက်ခတ်လျက်ရှိကြောင်း၊ မုန်တိုင်းကြောင့် ပစိဖိတ်ကမ်းခြေတစ်လျှောက် မိုးသည်းထန်စွာရွာသွန်းနေပြီး မုန်တိုင်းသည် ဘာဂျာကယ်လီဖိုးနီးယားကျွန်းတောင်ဘက်ပိုင်းမှတစ်ဆင့် အရှေ့ဘက်ပိုင်းသို့ ဦးတည်တိုက်ခတ်နေကြောင်း၊ လာမည့်ရက်ပိုင်းအတွင်း မုန်တိုင်းပြင်းအား မြင့်တက်လာနိုင်ပြီး တစ်နာရီမိုင် ၇၀ နှုန်းထိ မြင့်တက်လာနိုင်သည့်အတွက် အပူပိုင်းမုန်တိုင်းအသွင်မှ ဟာရီကိန်းမုန်တိုင်းအသွင်သို့ ကူးပြောင်းဖွယ်ရှိနေကြောင်း သိရသည်။



"မက္ကဆီကိုနိုင်ငံမှာ တိုက်ခတ်နေတဲ့ လီဒီယာမုန်တိုင်းဟာ လာမဲ့ရက်ပိုင်းအတွင်း ဟာရီကိန်းမုန်တိုင်းအသွင်ကို ကူးပြောင်းသွားနိုင်ပါတယ်။ လက်ရှိ တစ်နာရီ ကိုးမိုင်နှုန်းကနေ တစ်နာရီ မိုင် ၇၀ နှုန်းထိ မြင့်တက်သွားနိုင်ပါတယ်"ဟု အမေရိကန် အမျိုးသားဟာရီကိန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် မက္ကဆီကိုနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းကာ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ဒေသများမှာ နာယာရစ်ကမ်းခြေ၊ ဂျာလီကိုကမ်းခြေနှင့် စီနာလိုအာဒေသတောင်ဘက်ပိုင်းတို့ဖြစ်ကြောင်း သိရသည်။

**Ref : CTV**
**Trs : Sai Sat**

# ဂျပန်နိုင်ငံတွင် ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်ထားမှု ပြန်လည်ရုပ်သိမ်း

**တိုကျို အောက်တိုဘာ ၁၀**

ဂျပန်နိုင်ငံတွင် အောက်တိုဘာ ၇ ရက်နှင့် အောက်တိုဘာ ၈ ရက်က မြေငလျင်လှုပ်ခတ်ခဲ့သဖြင့် တိုရီရှီမာကျွန်းနှင့် အမာမီကျွန်းတို့၌ အောက်တိုဘာ ၈ ရက်မှစ၍ ဆူနာမီလှိုင်းအန္တရာယ် သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ဆူနာမီလှိုင်းအန္တရာယ်ကို စောင့်ကြည့်လျက်ရှိရာ အောက်တိုဘာ ၉ ရက် ညပိုင်းတွင် အခြေအနေ တည်ငြိမ်သွားပြီဖြစ်သည့်အတွက် ဆူနာမီလှိုင်းအန္တရာယ်သတိပေးချက်ကို ပြန်လည် ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆူနာမီလှိုင်းသတိပေးချက်ထုတ်ပြန်ခဲ့သည့်ကာလအတွင်း ရေယာဉ်တချို့တွင်ဖြစ်ပေါ်ခဲ့သော ဆူနာမီလှိုင်းများမှာ ၆၀ စင်တီမီတာထိ မြင့်တက်ခဲ့ကြောင်း၊ အသေးစားဆူနာမီလှိုင်းလှုပ်ခတ်ခဲ့သောရေယာဉ်များမှာ တိုကျိုမြို့နှင့် နီးကပ်သည့် အိုင်ဇူကျွန်းလည်းပါဝင်ခဲ့ပြီး ချီဘာစီရင်စုတွင်လည်း အသေးစားဆူနာမီလှိုင်းဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"အောက်တိုဘာ ၇ ရက်နဲ့ အောက်တိုဘာ ၈ ရက်မှာ မြေငလျင်လှုပ်ခတ်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မြေငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဆူနာမီလှိုင်း ဖြစ်ပေါ်လာနိုင်တဲ့ အဓိကနေရာတွေဖြစ်တဲ့ တိုရီရှီမာကျွန်းနဲ့ အမာမီကျွန်းတို့မှာ ဆူနာမီလှိုင်းအန္တရာယ် သတိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။ ဆူနာမီလှိုင်းအခြေအနေကို အေဂျင်စီက အချိန်ပြည့် စောင့်ကြည့်ခဲ့ပြီးတော့ အောက်တိုဘာ ၉ ရက် ညပိုင်းမှာ အခြေအနေအားလုံး တည်ငြိမ်သွားပြီဖြစ်တဲ့အတွက် ဆူနာမီလှိုင်းအန္တရာယ်သတိပေးချက်ကို ပြန်လည် ရုပ်သိမ်းလိုက်ပြီဖြစ်ပါတယ်" ဟု ဂျပန်မိုးလေဝသအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆူနာမီလှိုင်းအန္တရာယ်သတိပေးချက်ထုတ်ပြန်ခဲ့ရာတွင် ဖြစ်ပေါ်လာနိုင်ခြေရှိကြောင်း အသိပေးသည့်အဆင့်သာဖြစ်ပြီး ဂျပန်နိုင်ငံ၏ ဆူနာမီလှိုင်းသတိပေးချက် စံနှုန်းသတ်မှတ်ချက်အရ ဖြစ်ပေါ်လာနိုင်ခြေ အနည်းဆုံးအဆင့်ဖြစ်ကြောင်း သိရသည်။

**Ref : The Standard**
**Trs : Sai Sat**

# တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် လာမည့်ရက်ပိုင်းအတွင်း အပူလှိုင်းဖြတ်သန်းဖွယ်ရှိ

**နယူးဒေလီ အောက်တိုဘာ ၁၀**

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် လာမည့်ရက်ပိုင်းအတွင်း အပူလှိုင်းဖြတ်သန်းဖွယ်ရှိသည်ဟု အိန္ဒိယအမျိုးသားသိပ္ပံအကယ်ဒမီမှ သုတေသီများက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆောင်းဦးကာလ ဝင်ရောက်နေပြီဖြစ်သော်လည်း အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေခြင်းမှာ ရာသီဥတုဖောက်ပြန်မှု လက္ခဏာများဖြစ်ကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကြောင့် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် သို့မဟုတ် ၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာပြီး အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် လူဦးရေ ၂ ဒသမ ၂ ဘီလီယံထိ ရှိနေကြောင်း အိန္ဒိယအမျိုးသားသိပ္ပံအကယ်ဒမီမှ သုတေသီများက ထုတ်ပြန်ခဲ့သည်။

"သုတေသန ရလဒ်တွေအရ အပူလှိုင်းဖြတ်သန်းဖို့ ရှိပါတယ်။ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့ကို ဖြတ်သန်းဖွယ်ရှိနေပါတယ်။ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ကနေ ၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ပါတယ်"ဟု အိန္ဒိယအမျိုးသားသိပ္ပံအကယ်ဒမီမှ ပြောရေးဆိုခွင့်ရှိသူ မက်သရူးဟူဘာက ပြောကြားခဲ့သည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မည့် အခြေအနေဖြင့် ရင်ဆိုင်ရမည့် ဒေသများမှာ အိန္ဒိယနိုင်ငံတွင် နယူးဒေလီမြို့၊ ကိုးလ်ကတ္တားမြို့နှင့် တရုတ်နိုင်ငံတွင် ရှန်ဟိုင်းမြို့၊ ပေကျင်းမြို့တို့ပါဝင်နေကြောင်း၊ ခန့်မှန်းတိုင်းတာချက်အရ အပူချိန်ပမာဏသည် ၃၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း အိန္ဒိယအမျိုးသားသိပ္ပံအကယ်ဒမီမှ သုတေသီများက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

**Ref : Hindustan Times**
**Trs : Sai Sat**

# တရုတ်-မြောက်ကိုရီးယား-ရုရှား သုံးနိုင်ငံမဟာမိတ်ဖွဲ့မှုနှင့် တောင်ကိုရီးယား၏တုံ့ပြန်မှုအလားအလာ

မကြာသေးမီအချိန်အတွင်းကပင် အိန္ဒိယနိုင်ငံက လက်ခံကျင်းပခဲ့သော G-20 ထိပ်သီးဆွေးနွေးပွဲသို့ အရေးပါသောခေါင်းဆောင် နှစ်ဦးဖြစ်သည့် တရုတ်နှင့်ရုရှားသမ္မတတို့တက်ရောက်ရန် ပျက်ကွက်ခဲ့ခြင်းသည် အရှေ့နှင့်အနောက်အုပ်စုတို့ကြားရှိ နိုင်ငံတကာနိုင်ငံရေးအခင်းအကျင်းတွင် အက်ကြောင်းစတင်ထင်လာပြီဖြစ်ကြောင်းကို မီးမောင်းထိုးပြသလျက်ရှိသည်။

ရုရှားနှင့်တရုတ်တို့သည် မြောက်ကိုရီးယားနှင့် ဆက်ဆံရေးပိုမိုနီးကပ်လာလျက်ရှိသောကြောင့် ဒေသတွင်းသည် စစ်အေးလွန်ကာလမဟာမိတ်ဖွဲ့မှုပုံစံများသို့ တစ်ကျော့ပြန်လာနေပြီဖြစ်သည်။ အဆိုပါဖြစ်စဉ်အားလုံးသည် ၂၀၂၂ ခုနှစ်အတွင်း ယူကရိန်းစစ်ပွဲစတင်ဖြစ်ပွားပြီးနောက်ပိုင်း ရုရှားနိုင်ငံအပေါ် ဖိအားပေးမှုများမြင့်တက်လာလျက်ရှိသောကြောင့် ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့်လည်း နည်းပညာရရှိရေးနှင့်စပ်လျဉ်း၍ ဖိအားပေးမှုအသစ်များရင်ဆိုင်နေရသည်ဟု ခံစားနေရပြီဖြစ်သည်။

တရုတ်၊ မြောက်ကိုရီးယားနှင့် ရုရှားတို့ကြားလက်ရှိမဟာမိတ်ဖွဲ့မှုသည် ကမ္ဘာလုံးဆိုင်ရာရိုက်ခတ်မှုများ အပြင်းအထန်ဖြစ်ပေါ်လာနိုင်သော်လည်း အထူးသဖြင့် တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံရေးနှင့်ပထဝီနိုင်ငံရေးဆိုင်ရာရိုက်ခတ်မှုများခံစားရနိုင်သည့် ဗဟိုချက်မဖြစ်နေသည်။ မည်သည့်အတွက် တရုတ်-မြောက်ကိုရီးယား-ရုရှားမဟာမိတ်ဖွဲ့မှု ပေါ်ပေါက်လာပြီး ထိုသို့ဖြစ်ပေါ်လာမှုအတွက် မည်သည့်အရင်းခံအကြောင်းတရားများတွင်တာဝန်ရှိသနည်း။ ထို့ပြင် အဆိုပါမဟာမိတ်ဖွဲ့မှုကို တောင်ကိုရီးယားက မည်သို့တုံ့ပြန်သွားမလဲဆိုသောမေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။

**တရုတ်-မြောက်ကိုရီးယား-ရုရှား သုံးနိုင်ငံ မဟာမိတ်ဖွဲ့မှုဖြစ်ပေါ်လာစေသော အရင်းခံအကြောင်းတရားများ**

လက်ရှိဖြစ်စဉ်အပေါ် တောင်ကိုရီးယား၏တုံ့ပြန်မှုကိုနားလည်သဘောပေါက်အောင် မစဉ်းစားသေးမီ တရုတ်၊ မြောက်ကိုရီးယားနှင့် ရုရှားတို့ကို အတူတကွရပ်တည်ရေးအတွက် မည်သည့်အခြေခံအကြောင်းတရားများက တွန်းအားပေးနေသလဲဆိုသောအချက်ကို ခွဲခြားနိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။ ဂျပန်-တောင်ကိုရီးယား-အမေရိကန် သုံးနိုင်ငံမိတ်ဖက်ဆက်ဆံရေးသည် တရုတ်၊ မြောက်ကိုရီးယားနှင့် ရုရှားတို့ကြား နီးစပ်သောဆက်ဆံရေးထူထောင်သွားရန် လှုံ့ဆော်လျက်ရှိသော အဓိကအခြေခံအကြောင်းတရားပင် ဖြစ်ဖွယ်ရာရှိနေသည်။ သို့သော် ထိုအချက်သည် တစ်ခုတည်းသော အရင်းခံအကြောင်းတရားတော့မဟုတ်ချေ။ ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုမြင့်တက်လာသောကြောင့် သုံးနိုင်ငံကြားဆက်ဆံရေးပိုမိုတိုးတက်လာခဲ့ပြီး မီးစကိုတစ်ပြိုင်တည်းအစပျိုးခဲ့ခြင်းဖြစ်သည်။ အမှန်တော့ ဩဂုတ်လတွင် Camp David ၌ ဂျပန်-တောင်ကိုရီးယား-အမေရိကန် သုံးနိုင်ငံမိတ်ဖက်ဆက်ဆံရေးကို ကြေညာခဲ့ခြင်းသည် နောက်ဆုံးသံချက်ပင်ဖြစ်သည်။

တရုတ်၊ မြောက်ကိုရီးယားနှင့် ရုရှားတို့ကြား သုံးနိုင်ငံဆက်ဆံရေး ပြန်လည်အားသစ်လောင်းစေသောပထမဆုံးစနက်တံမီးစသည် အင်ဒို- ပစိဖိတ်သဘောတရားစတင်ကျင့်သုံးခဲ့သော အချိန်ကတည်းကပင်ဖြစ်သည်။ တရုတ်နှင့် ရုရှားတို့သည် အဆိုပါသဘောတရားအပေါ် ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး သံသယဖြစ်ပွားခဲ့သည့်အပြင် တရုတ်နိုင်ငံကို ထိန်းချုပ်နိုင်ရေးအတွက် စစ်အေးတိုက်ပွဲသစ်ထိန်းချုပ်ရေးမဟာဗျူဟာအဖြစ် ရှုမြင်ခဲ့ကြသည်။ မြောက်ကိုရီးယားနိုင်ငံကလည်း တရုတ်နှင့် ရုရှားတို့၏ဘက်ကရပ်တည်လာခဲ့သည်။ သို့သော် အဆိုပါမဟာဗျူဟာနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၌ မတူညီသောအမြင်သဘောတရားများရှိနေသောကြောင့် တရုတ်သည် အစောပိုင်းကာလတွင် အင်ဒို-ပစိဖိတ်မဟာဗျူဟာကို လုံးလုံးလျားလျား ဆန့်ကျင်ကန့်ကွက်ခဲ့ခြင်းမရှိပေ။ တရုတ်နိုင်ငံရှိ တချို့သောပြည်သူများသည် အဆိုပါသဘောတရားကို အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ နိုင်ငံခြားရေးမူဝါဒ ရပ်တည်ချက်အနက်မှ ယာယီအစိတ်အပိုင်းအဖြစ်သာ ရှုမြင်ခဲ့ကြသည်။

ဒုတိယမီးပွားစသည် ယခုနှစ်အစောပိုင်းတွင် တောင်ကိုရီးယားနှင့် ဂျပန်ကြား ဆက်ဆံရေးပုံမှန်အခြေအနေသို့ ရောက်ရှိလာခြင်းပင်ဖြစ်သည်။ နှစ်နိုင်ငံ ပြန်လည်ချဉ်းကပ်မှု၏အလေးထားမှုသည် မြောက်ကိုရီးယား၏ခြိမ်းခြောက်မှုကို တုံ့ပြန်ရန်ဖြစ်သော်လည်း အဆိုပါအပြောင်းအလဲက မိတ်ဖက်ဆက်ဆံရေးသည်ပရိယာယ်တစ်ခု သို့တည်းမဟုတ် အနာဂတ်တွင် တရုတ်ကို ဆန့်ကျင်တိုက်ခိုက်ရာတွင်



အသုံးပြုသွားမည့် ပလက်ဖောင်းတစ်ခုဖြစ်လာနိုင်သည်ဆိုသော စိုးရိမ်မှုများ မြင့်တက်လာစေခဲ့သည်။ အမေရိကန်နှင့် အရှေ့မြောက်အာရှရှိ ၎င်းမဟာမိတ်နှစ်နိုင်ငံတို့ကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုများသည် အဆိုပါယုံကြည်ချက်ကို ပိုမိုခိုင်မာလာစေခဲ့သည်။ ထို့ပြင် NATO နှင့် ဂျပန်၊ တောင်ကိုရီးယားတို့ကြား ဆက်ဆံရေးတိုးတက် ကောင်းမွန်လာခြင်းသည်လည်း အဆိုပါကောက်ချက်ချမှုကို ပိုမိုခိုင်မာလာစေခဲ့သည်။

အလားတူ ၂၀၂၃ ခုနှစ်အစောပိုင်းက ထုတ်ပြန်ခဲ့သည့် အမျိုးသားလုံခြုံရေးမဟာဗျူဟာနှင့်ကာကွယ်ရေးစက္ကူဖြူစာတမ်းတို့တွင် အတိအလင်းဖော်ပြထားမှုအတိုင်း ဂျပန်နိုင်ငံ၏စစ်ရေးအင်အားတိုးချဲ့မှုသည် အရှေ့မြောက်အာရှဒေသရှိ ပထဝီနိုင်ငံရေးတွင် အပြောင်းအလဲများဖြစ်ပေါ်လာမည့် အခြေအနေကို ထင်ဟပ်ပေါ်လွင်လာစေလျက်ရှိသည်။ အမေရိကန်နှင့် ၎င်း၏မဟာမိတ်များသည် တရုတ်-မြောက်ကိုရီးယား-ရုရှားမဟာမိတ်အဖွဲ့က ခြိမ်းခြောက်မှုများ ထွက်ပေါ်လာနိုင်သည်ဆိုသော ဘုံသဘောထားကို စွဲကိုင်ထားပြီဖြစ်ကြောင်း တရုတ်အနေဖြင့် ရှင်းရှင်းလင်းလင်းသိရှိလာခဲ့သည်။

နောက်ဆုံးစနက်တံမီးစမှာ ဂျပန်-တောင်ကိုရီးယား-အမေရိကန် သုံးနိုင်ငံထိပ်သီးဆွေးနွေးပွဲပင်ဖြစ်သည်။ အဆိုပါဆွေးနွေးပွဲသည် တရုတ်၏စွဲကိုင်ထားသော သံသယများ၊ အထူးသဖြင့် တောင်ကိုရီးယား၏ ရပ်တည်ချက်နှင့်စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်း ဖြစ်ပေါ်လာစေခဲ့သည်။ ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်ခေါင်းဆောင်များ တက်ရောက်ခဲ့သည့် Camp David သုံးနိုင်ငံဆွေးနွေးပွဲ၌ ခေါင်းဆောင်များသည် မြောက်ကိုရီးယားနိုင်ငံကို တုံ့ပြန်နိုင်ရေး အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် သုံးနိုင်ငံခေါင်းဆောင်များသည် တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏ လှုပ်ရှားမှုအပေါ် အပြင်းအထန်ကန့်ကွက်ခဲ့ကြသည်။ အထူးသဖြင့် သုံးနိုင်ငံဆွေးနွေးညှိနှိုင်းရေးနှင့် အင်စတီကျူးရှင်းတစ်ခုဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ကြသည်။ သုံးနိုင်ငံမဟာမိတ်အဖွဲ့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ခြိမ်းခြောက်မှုအပြင် စီးပွားရေး၊ ဆိုက်ဘာ၊ ထောက်လှမ်းရေးစသည့်ကဏ္ဍများ တိုးတက်ရေးနှင့် ဒေသတွင်းလုံခြုံရေးပြဿနာများအပါအဝင် နယ်ပယ်ပေါင်းစုံရှိ အကျိုးစီးပွားများတွင်လည်း အတူတကွပူးပေါင်းဆောင်ရွက်သွားရန် ထုတ်ပြန်ကြေညာခဲ့ကြသည်။

အဆိုပါသုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲပြီးနောက် တရုတ်သည် မဟာမိတ်ဖွဲ့စည်းရေးအတွက် မြောက်ကိုရီးယားကို စည်းရုံးခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့်လည်း တရုတ်၊ ရုရှားတို့နှင့် မိတ်ဖက်ဆက်ဆံရေးထူထောင်ကာ ၎င်း၏လုံခြုံရေးကို တိုးမြှင့်သွားလိုသော ဆန္ဒရှိနေသည်။ ရုရှားအနေဖြင့်လည်း တရုတ်နှင့် နက်ရှိုင်းသောပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မကြာသေးမီအချိန်အတွင်းက ဝမ်ယီ၏ ရုရှားခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်လာမှု၏ပြယုဂ်ပင်ဖြစ်သည်။ ဝမ်ယီက တစ်နိုင်ငံတည်းကြီးစိုးသည့်လှုပ်ရှားဆောင်ရွက်မှုများ၊ ဗိုလ်ကျစိုးမိုးမှုနှင့်ထိပ်တိုက်ရင်ဆိုင်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် တရုတ်နှင့်ရုရှားတို့အနေဖြင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုတောင့်တင်းခိုင်မာအောင် ဆက်လက်ကြိုးပမ်းသွားသင့်ကြောင်း ပြောကြားသွားခဲ့သည်။

စက်တင်ဘာလအတွင်းကလည်း ကင်ဂျုံအန်သည် ရုရှားနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ခဲ့ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း မြောက်ကိုရီးယားသို့ လာရောက်လည်ပတ်ရေး ဖိတ်ကြားမှုကို လက်ခံခဲ့ကြောင်း သိရှိရသည်။ တရုတ်၊ မြောက်ကိုရီးယားနှင့် ရုရှားတို့ကြား တိုးတက်လာသောပူးပေါင်းဆောင်ရွက်မှုသည် အတူတကွရပ်တည်သွားရန်ဖြစ်သော်လည်း မြောက်ကိုရီးယားနှင့်ဆက်ဆံရာတွင် အရန်းအတားထားရှိမည့် မဟာဗျူဟာရှိနေဖွယ်ရာရှိသည်။ တရုတ်နိုင်ငံသည် မြောက်ကိုရီးယား၏ အကြီးမားဆုံးကုန်သွယ်ဖက်ဖြစ်ပြီး ၎င်း၏စီးပွားရေးအင်အားသည် ကင်ဂျုံအန်၏ မဟာဗျူဟာမြောက်တွက်ချက်မှုတွင် ထိပ်တန်းဦးစားပေးနေရာတွင်ရှိနေသည်။ တစ်ချိန်တည်းမှာပင် ရုရှားအနေဖြင့်လည်း မြောက်ကိုရီးယားနိုင်ငံအပေါ် လွှမ်းမိုးမှုတိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြောက်ကိုရီးယားနိုင်ငံသည် ပထဝီနိုင်ငံရေးဆိုင်ရာ အားသာချက်ရှိနေပြီး နည်းပညာနှင့်အထောက်အပံ့ပစ္စည်းများ၊ အထူးသဖြင့် စစ်ရေးဆိုင်ရာ မဟာဗျူဟာမြောက်ပစ္စည်းများရရှိရေးအတွက် အဆိုပါအခွင့်အလမ်းကိုအသုံးချသွားနိုင်ရေး ရည်မှန်းထားဖွယ်ရာရှိနေသည်။ မည်သို့ပင်ဆိုစေ တရုတ်-မြောက်ကိုရီးယား-ရုရှား မဟာမိတ်ဆက်ဆံရေးသည် တောင်ကိုရီးယားနိုင်ငံအတွက် အိပ်မက်ဆိုးကြီးတစ်ခုဖြစ်လာနေပြီဖြစ်သည်။

**တောင်ကိုရီးယား၏ စိုးရိမ်ပူပန်မှုများ**

တရုတ်နှင့်ရုရှားတို့သည် မြောက်ကိုရီးယားနိုင်ငံနှင့်မိတ်ဖက်ဆက်ဆံရေးခိုင်မာအောင် တည်ဆောက်လာခြင်းသည် တောင်ကိုရီးယားကို စိုးရိမ်ပူပန်မှုမြင့်တက်လာစေခဲ့သည်။ တောင်ကိုရီးယားသမ္မတယွန်ဆွတ်ယိုးသည် မကြာသေးမီအချိန်အတွင်း ကုလသမဂ္ဂလအတွေ့ထွေညီလာခံ၌ မိန့်ခွန်းပြောကြားသွားရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးစောင့်ရှောက်သူအဖြစ်ယုံကြည်စွာအပ်နှံခံထားရသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်သော ရုရှားနိုင်ငံအနေဖြင့်စစ်ပွဲဆင်နွှဲပြီး နိုင်ငံတစ်နိုင်ငံထံမှ လက်နက်ခဲယမ်းများလက်ခံခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များကို ချိုးဖောက်နေခြင်းပင်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံအနေဖြင့်လည်း ဖျက်စွမ်းအားပြင်းလက်နက်(WMD)များ သုတေသနပြု တိုးတက်ထုတ်လုပ်ရေးတွင် လိုအပ်သောသတင်းအချက်အလက်နှင့် နည်းပညာများလက်ခံရရှိခြင်းသည် တောင်ကိုရီးယားနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှုနှင့် လုံခြုံမှုကို တိုက်ရိုက်ခြိမ်းခြောက်နေခြင်းဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ရည်ရွယ်ချက်မဲ့စွာ အချိန်ဖြုန်းသွားမည်မဟုတ်ကြောင်း သတိပေးပြောကြားသွားခဲ့သည်။

အထူးသဖြင့် တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံစဉ် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ပတ်ခ်ျဂျင်က တရုတ်နိုင်ငံကို UNSC ဆုံးဖြတ်ချက်များနှင့် နိုင်ငံတကာစံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်သွားရန်တောင်းဆိုခဲ့သည်။ ယခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်-ဂျပန်-တောင်ကိုရီးယား သုံးနိုင်ငံ ဆွေးနွေးပွဲလုပ်ဆောင်နိုင်ရန် မျှော်မှန်းထားရှိပြီး ၎င်းဆွေးနွေးပွဲသည် သုံးနိုင်ငံကြား နားလည်မှုတည်ဆောက်နိုင်မည့် အခြေခံစည်းမျဉ်းစည်းကမ်းများ ထူထောင်ရာတွင် အထောက်အကူပြုသွားနိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ တောင်ကိုရီးယားအနေဖြင့် မြောက်ကိုရီးယားအရေးနှင့်စပ်လျဉ်း၍ တရုတ်အပေါ် အပြည့်အဝယုံကြည်နိုင်မည်မဟုတ်ချေ။ ဩဂုတ်လအတွင်းပြုလုပ်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေး၌ NSC အဖွဲ့ဝင်များသည် ပြည်ပနိုင်ငံများတွင် မြောက်ကိုရီးယားနိုင်ငံသားများ အမြတ်ထုတ်လုပ်ကိုင်နေမှု၊ ဆိုက်ဘာတိုက်ခိုက်မှုနှင့် ပင်လယ်ရေကြောင်းမှောင်ခိုလုပ်ငန်းကဲ့သို့သော တရားမဝင်လုပ်ငန်းများကို ဟန့်တားနိုင်ရေး အမေရိကန်၊ ဂျပန်တို့နှင့်ပူးပေါင်းဆောင်ရွက်သွားရန်အပြင် နိုင်ငံတကာအသိုက်အဝန်းနှင့်လည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည်။

အမှန်တော့ လက်ရှိအခြေအနေသည် တောင်ကိုရီးယားနိုင်ငံကို အမေရိကန်နှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်၊ ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးခိုင်မာတောင့်တင်းအောင် ဆောင်ရွက်သွားရန် တွန်းအားပေးလျက်ရှိသည်။ သို့သော် တစ်ချိန်တည်းမှာပင် တောင်ကိုရီးယားနိုင်ငံသည် ကျွန်းဆွယ်လုံခြုံရေးဆောင်ရွက်ရာ၌ မတည်မငြိမ်ဖြစ်စဉ်များကို ပိုမိုရင်ဆိုင်သွားရဖွယ်ရှိနေသည်။

**ကိုးကား**

- The Growing China-North Korea-Russia Axis and South Korea's Response by The Diplomat.

မောင်စိန်အိ(နဘဲမြေ)

# သံမှိုတစ်ချောင်း၏ စူးနစ်ချိန်

ငြိမ်းချမ်းအောင်(နတ်တလင်း)



(၁)

"ချောင်းရေကျသွားပြီ အဖေ။ ကျွန်တော် အခုပဲ ကန်စွန်းရွက်ခူးသွားရင်းနဲ့ ကြည့်လာခဲ့တာ"

သားဖြစ်သူဖိုးအောင်၏စကားကိုကြားလိုက်သော်လည်း ကိုထွန်းမြင့် ဘာမျှပြန်မပြောဘဲ ဆေးလိပ်ဖွာရင်း အိမ်အပြင်ဘက်သို့ ငေးကြည့်နေသည်။ ချောင်းရေကျသွားပြီဆိုသော်လည်း ယခုတစ်လော ငါးရှာသွားရန် မဖြစ်နိုင်သေးပေ။ ငါးဖမ်းစက်က ရှိသော်လည်း ဘက်ထရီအိုးက မရှိတော့ပေ။ စားဝတ်နေရေး အဆင်မပြေမှုကြောင့် ငါးဖမ်းစက်တွင် အသုံးပြုသော ဘက်ထရီအိုးလေးကို ပြန်ရောင်းခဲ့သည်မှာ ကြာပြီဖြစ်၏။ ပြန်ဝယ်ရန်စိတ်ကူးရှိသော်လည်း မဝယ်ဖြစ်သေး။ စားရန်ပင် အနိုင်နိုင် ရှုန်းကန်ရှာဖွေနေရသော ဘဝမို့ လက်ထဲငွေပိုငွေလျှံဟူ၍လည်း မစုမိခဲ့ပေ။ သည်ကြားထဲ ကျန်းမာရေးမကောင်းသော ဇနီးဖြစ်သူ မလှခင်၏ ဆေးဖိုးကလည်းရှိသေး၏။ ဇနီးဖြစ်သူ မလှခင်သည် ရောဂါအမျိုးအမည် ပြောပြ၍မရသော်လည်း တရှောင်ရှောင်ဖြစ်နေသည်မှာ နှစ်ကာလကြာရှည်နေပြီဖြစ်သည်။ ကိုထွန်းမြင့်မှာ ဇနီးဖြစ်သူကို အထူးကုဆရာဝန်ကြီးများနှင့်ပြ၍ ရောဂါရှာဖွေစမ်းသပ်ကုသပေးချင်သော်လည်း ငွေကြေးမတတ်နိုင်သောကြောင့် စိုးရိမ်ပူပန်နေရသည်။ မိသားစုစားဝတ်နေရေးကိုပင် လောက်ငအောင် ကိုထွန်းမြင့်တို့ သားအဖနှစ်ယောက် မနည်းကြိုးစားနေရသည်။

(၂)

"မလှခင် ငါ တစ်ခုစဉ်းစားမိတယ်။ မင်းမှာ ဘာရောဂါရှိတယ်ဆိုတာ သိရအောင် အထူးကုဆရာဝန်နဲ့ပြပြီး ရောဂါရှာဖွေစမ်းသပ်ချင်တယ်"

"အို. . . ကိုထွန်းမြင့်ကလဲ ဘယ်ဖြစ်ပါ့မလဲ ပိုက်ဆံမှ မရှိတာတော်။ ကျုပ်ရောဂါက ဘာမှမဖြစ်လောက်ပါဘူး။ ဆေးဝယ်သောက်ရင်လဲ ရပါတယ်။ တော်တို့သားအဖ စားဝတ်နေရေးအတွက် အဆင်ပြေအောင် လုပ်နိုင်ရင်ပဲ လုံလောက်ပါပြီ"

ကိုထွန်းမြင့်သည် ဇနီးဖြစ်သူကို ပြောမရ၍သာ ဘာစကားမျှ မပြောတော့ဘဲ လုပ်စရာရှိသည်များကိုသာ ဆက်လုပ်နေတော့သည်။ တကယ်တော့ ကိုထွန်းမြင့်မှာ ဇနီးဖြစ်သူကို အထူးကုဆရာဝန်နှင့်ပြရန် ဆန္ဒရှိသော်လည်း တကယ်အထူးကုဆရာဝန်နှင့်ပြမည်ဆိုလျှင် ဆေးဖိုး၊ စမ်းသပ်ခစရိတ် မည်သို့စီစဉ်ရမည်ကိုတော့ မသိသေးပေ။

(၃)

ငါးပလိုင်းလေးကိုလွယ်ရင်း ရှေ့ကသွားနေသော သားဖြစ်သူ ဖိုးအောင်ကိုကြည့်၍ ကိုထွန်းမြင့် စိတ်မကောင်းဖြစ်မိသည်။ အခြားကလေးများက သည်အချိန်ဆို စာသင်ကျောင်းတွင် ကျောင်းစာသင်နေရသော်လည်း ဖိုးအောင်က ကျောင်းဆက်မတက်တော့ပေ။ အဖေဖြစ်သူ ကိုထွန်းမြင့်နှင့်အတူ မိသားစုတာဝန်ကို တစ်ဖက်တစ်လမ်းကနေ ကူညီပေးနေရ၏။

"အဖေ့ရင်ထဲမှာ သားလေးပညာတတ်ကြီးဖြစ်ဖို့ ဆန္ဒအပြည့်အဝရှိပါတယ်။ ဘာလို့လဲဆိုတော့ အဖေ၊ အမေတို့ကလဲ ပညာမတတ်ခဲ့ကြဘူး။ ဒါကြောင့် အခုလို အဖေတို့ ဆင်းဆင်းရဲရဲ အလုပ်လုပ်နေရတာပေါ့။ အလုပ်ကလဲ အကုသိုလ်အလုပ်ဖြစ်တယ်။ သူ့အသက်သတ်မှ ကိုယ့်ဘဝစားဝတ်နေရေး အဆင်ပြေရတဲ့ ဘဝမျိုးပေါ့။ အဖေ့ကို ခွင့်လွှတ်ပါသားရယ်"ဟု ကိုထွန်းမြင့် သား ဖိုးအောင်ကို ကြည့်ပြီး စိတ်ထဲက တောင်းပန်စကားဆိုနေ၏။

အရွယ်နှင့်မလိုက်အောင် အလုပ်လုပ်နေရ၍ ပင်ပန်းသော်လည်း ဖိုးအောင်က အပြုံးမပျက်။ ကျရာနေ ကြံ့ရာလုပ်ရင်း မိသားစုအဆင်ပြေရန်အတွက်သာ ကြိုးစားခဲ့၏။

"ဒီနေ့ ငါးတွေအများကြီးရတယ်နော် အဖေ။ ဟင်းစားနည်းနည်းချန်ထားပြီး ပိုတာတွေ ရွာထဲမှာ ရောင်းပြီး အမေ့ဖို့ ဆေးဝယ်ရအုံးမယ်"ဟု ဖိုးအောင်က ပြောလိုက်သည်။

ရွာအပြင်ချောင်းလေးတွင် ရေရှိနေသရွေ့ ကိုထွန်းမြင့်တို့အတွက်က ဟင်းစားမပြတ်။ ရောင်းရန်ထိ ငါးအများကြီးမရဘူးဆိုလျှင်တောင် ဟင်းတစ်နပ်စာအတွက်က အလွယ်တကူရှာ၍ ရနေသည်။ အိမ်ကနေ ငါးရှာရန်ထွက်လာတုန်းက သည်လောက်အများကြီး ရလိမ့်မည်ဟု မထင်ထားခဲ့ပေ။ ယခုမှု သားအဖနှစ်ယောက်စလုံးလွယ်လာသည့် ပလိုင်းပြည့်ရုံတင် မဟုတ်ဘဲ ကြိုးနှင့်သီကာဆွဲလာခဲ့သည့် ငါးများကလည်း အများသား။ တွင်းထဲနှိုက်ရုံဖြင့် ငါးအများကြီး ရခဲ့လျှင် ဓာတ်တို့ဖမ်းမည်ဆိုလျှင် နှစ်ဆလောက် ရမည်ဟုကိုထွန်းမြင့်တွေးရင်း ရောင်းလိုက်ရသော ဘက်ထရီအိုးကို နှမြောမဆုံးပေ။ သည်နေ့ငါးအများကြီးရလာ၍ ဖိုးအောင်တစ်ယောက် ပျော်ရွှင်နေ၏။ ထို့ကြောင့် အိမ်အမြန်ပြန်ရောက်ချင်ဇောဖြင့် အပြေးလမ်းလျှောက်နေသည်ကိုကြည့်၍ ကိုထွန်းမြင့်တစ်ချက်ပြုံးလိုက်မိလေသည်။

(၄)

သည်နေ့ ဖိုးအောင်နေမကောင်းသဖြင့် အဖေဖြစ်သူ ကိုထွန်းမြင့်နှင့် ငါးရှာမလိုက်နိုင်တော့ဘဲ အိပ်ရာထဲလှဲနေရတော့သည်။ အခါတိုင်း ငါးရှာ၊ ဖားရှာဆို သားအဖနှစ်ယောက်သား အတူသွားသော်လည်း သည်နေ့ ဖိုးအောင်မလိုက်နိုင်သောကြောင့် ကိုထွန်းမြင့် တစ်ယောက်တည်း ထွက်လာခဲ့ရသည်မှာ ပျင်းစရာကောင်းသည်ဟုလည်း တွေးမိ၏။ ယခင်နေ့က ငါးရှာပြီးအပြန် ချောင်းကမ်းစပ်က သံမှိုအဟောင်းတစ်ခုကို ဖိုးအောင်နင်းမိ၍ သွေးခြင်းခြင်းရဲကာ လမ်းပင်မလျှောက်နိုင်တော့။ ထို့ကြောင့် ကိုထွန်းမြင့်တစ်ယောက် ကပျာကယာဖြင့် ဝတ်ထားသောပုဆိုးအဟောင်း အနားစကိုဆုတ်ဖြဲ၍ ဖိုးအောင်ဒဏ်ရာကို အမြန်ချည်ပေးလိုက်ရ၏။ သံမှိုနင်းမိသည့်အားက ပြင်းသောကြောင့် ဖိုးအောင်လမ်းလျှောက်ရန် အားယူသော်လည်း မရ။ ထို့ကြောင့် ကိုထွန်းမြင့် ငါးပလိုင်းများကို ကိုင်းတောထဲ ခဏဝှက်ထားခဲ့ပြီး ဖိုးအောင်ကိုကျောပိုး၍ အိမ်အမြန်ပြန်လိုက်ပို့ရတော့သည်။ သည်နေ့ မလွဲသာ၍ ငါးရှာရန် အိမ်ကထွက်လာရသော်လည်း သားဖြစ်သူ ဖိုးအောင်ကို စိတ်မချ။ စိတ်မပါဘဲ ငါးရှာနေသောကြောင့်လည်း တစ်ကောင်မျှ မရသေးသည်လားဟု ကိုထွန်းမြင့် တွေးရင်းစိတ်ညစ်လာခဲ့၏။

(၅)

အနာရှိန်ကြောင့် ဖိုးအောင်တစ်ယောက် အပြင်းဖျားနေသည်ကိုကြည့်၍ ကိုထွန်းမြင့်တို့ လင်မယား စိတ်မကောင်းဖြစ်နေသည်။ အိမ်တွင်ရှိနေသည့် ဆေးမြီးတိုလေးများ တိုက်သော်လည်း အဖျားမကျ။ ဖိုးအောင်ခြေထောက်က သံမှိုစူးထားသောနေရာကို ဆေးထည့်ပေးရင်း မလှခင် ရင်ထဲတစ်မျိုးကြီး ခံစားနေရသည်။ ထို့ကြောင့်-

"သားလေး ဘာမှတော့ မဖြစ်လောက်ပါဘူးနော် ကိုထွန်းမြင့်"ဟု အသံတုန်ယင်စွာဖြင့် မလှခင်က မေးလိုက်သည်။ ထိုအခါ ကိုထွန်းမြင့်က-

"တအားကြီးစိတ်မပူပါနဲ့ လှခင်ရယ်။ အနာရှိန်ကြောင့် ဖျားတာပါ။ ညနေက ဆေးတိုက်ထားတာပဲ။ ခဏနေ သက်သာသွားမှာပါ"

မလှခင်က သားအတွက် စိုးရိမ်စိတ်ကြီးနေသောကြောင့် ကိုထွန်းမြင့်က အလိုက်သင့်ပြန်ဖြေလိုက်ရသည်။ စိတ်မပူရန်သာ ပြောလိုက်ရသော်လည်း ကိုထွန်းမြင့်တစ်ယောက်လည်း သားဖြစ်သူ ဖိုးအောင်အတွက် စိုးရိမ်နေရသည်မှာ အမှန်။ သို့သော် စိုးရိမ်စိတ်ကို မျက်နှာမှာမပေါ်အောင် အတတ်နိုင်ဆုံးကြိုးစားထိန်းနေရ၏။ ကျန်းမာရေးမကောင်းသော ဇနီးဖြစ်သူ မလှခင်ရှေ့တွင် စိုးရိမ်စိတ်ကြီးနေသည့် အမူအရာပြ၍လည်း မဖြစ်ပေ။ ထို့ကြောင့် ကိုထွန်းမြင့် စိတ်မပူဟန် ဆောင်နေလိုက်၏။ ဖိုးအောင်ကိုယ်ပေါ် စောင်လေးတစ်ထည် ထပ်ခြုံပေးရင်း နဖူးကိုစမ်းကြည့်တော့ အပူအနည်းငယ်ကျသွားပြီဖြစ်၏။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော သားဖြစ်သူကိုကြည့်၍ ယခုမှပင် ကိုထွန်းမြင့် စိတ်အေးရတော့သည်။

"ချောင်းရေကျသွားပြီ အဖေ"

အမှတ်မထင် အိပ်ပျော်နေရာက ယောင်ပြီးပြောလိုက်သော သားဖြစ်သူ ဖိုးအောင်၏ စကားသံကြောင့် ကိုထွန်းမြင့်တို့ လင်မယားနှစ်ယောက် အံ့သြသွားခဲ့သည်။

"ချောင်းရေကျသွားပြီ အဖေ"ဟူသော စကားတစ်ခွန်းပြော၍ ပြန်အိပ်ပျော်သွားသော ဖိုးအောင်ကို ကြည့်ရင်း ကိုထွန်းမြင့် ဘာဆက်ပြောရမှန်း မသိတော့ပေ။ မလှခင်လည်း သားဖြစ်သူ ဖိုးအောင်၏ လက်တစ်ဖက်ကိုဆုပ်ကိုင်ရင်း ငြိမ်သက်နေသည်။ နေမကောင်းဖြစ်နေသည်ကိုပင် မိသားစုအတွက် ဝမ်းစာရှာဖွေပေးချင်သည့် သားဖြစ်သူ ဖိုးအောင်၏ စကားတစ်ခွန်းက ကိုထွန်းမြင့်ရင်ထဲ သံမှိုတစ်ချောင်း စူးနစ်စိုက်ဝင်သလို ခံစားခဲ့ရ၏။ ထို့နောက် ပါးပြင်ပေါ်သို့ကျဆင်းလာသည့် မျက်ရည်စက်များကို ဇနီးဖြစ်သူ မလှခင်မမြင်အောင် အမြန်သုတ်နေခဲ့လေတော့သည်။

❖ "ချောင်းရေကျသွားပြီ အဖေ"ဟူသော စကားတစ်ခွန်းပြော၍ ပြန်အိပ်ပျော်သွားသော ဖိုးအောင်ကိုကြည့်ရင်း ကိုထွန်းမြင့် ဘာဆက်ပြောရမှန်း မသိတော့ပေ။ မလှခင်လည်း သားဖြစ်သူ ဖိုးအောင်၏ လက်တစ်ဖက်ကိုဆုပ်ကိုင်ရင်း ငြိမ်သက်နေသည်။ နေမကောင်းဖြစ်နေသည်ကိုပင် မိသားစုအတွက် ဝမ်းစာရှာဖွေပေးချင်သည့် သားဖြစ်သူ ဖိုးအောင်၏စကားတစ်ခွန်းက ကိုထွန်းမြင့်ရင်ထဲ သံမှိုတစ်ချောင်း စူးနစ်စိုက်ဝင်သလို ခံစားခဲ့ရ၏။ ❖

# ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ခြောက်သန်းကျော် လာရောက်ဖူးမြော်



**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးပြည်သူ ဦးရေ ခြောက်သန်းကျော် လာရောက် ဖူးမြော်ခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ လစဉ် ပြည်တွင်းပြည်ပ ဘုရားဖူးပြည်သူဦးရေ ခုနစ်သိန်းခန့် လာရောက်ဖူးမြော်လျက်ရှိပြီး ဘုရားဖူးပြည်သူ လာရောက်ဖူးမြော်မှုမှာ လစဉ်မြင့်တက်ကြောင်း၊ ပြီးခဲ့သည့်မတ်လအတွင်းက အများဆုံးလာရောက်ဖူးမြော်ခဲ့ကြောင်း သိရသည်။

"ရွှေတိဂုံစေတီတော်ကို နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြတဲ့ ဘုရားဖူးပြည်သူ အရေအတွက်က ကြားရက်တွေဆိုရင် အယောက် ၂၀၀၀၀ လောက်ရှိပါတယ်။ ပိတ်ရက်တွေဆိုရင်တော့ အယောက် ၄၀၀၀၀ ကျော်ဖြစ်ပါတယ်။ လပြည့်နေ့လို အခါကြီးရက်ကြီးတွေဆိုရင်တော့ အယောက် ၂၀၀၀၀၀ ကျော်၊ ၃၀၀၀၀၀ လောက် လာရောက်ကြပါတယ်။ ကိုးလတာကာလအတွင်း ဘုရားဖူးပြည်သူ အယောက် ခြောက်သန်းကျော် လာရောက်ဖူးမြော်ကြပါတယ်။ ရွှေတိဂုံစေတီတော်မှာ ဘုရားဖူးပြည်သူတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ဖို့အတွက် ပိုမိုအရည်အသွေးကောင်းမွန်ပြီး အဆင့်မြင့်တဲ့ CCTV ကင်မရာအလုံး ၃၀၀ လောက် ထပ်မံတပ်ဆင်ထားပါတယ်။ ရင်ပြင်တော်၊ အောက်ပစ္စယာ၊ အထက်ပစ္စယာ ကုန်းတော်တစ်ခုလုံးမှာ တပ်ဆင်ထားတာဖြစ်ပါတယ်"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြသည်။

ထို့ပြင် ရွှေတိဂုံစေတီတော်တွင် လာမည့်အောက်တိုဘာ ၂၉ ရက်တွင်ကျရောက်သည့် သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီး ၁၀၀၀ ပူဇော်ခြင်းကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကာလတွင် ဘုရားဖူးပြည်သူများ တစ်စတစ်စ များပြားလာခြင်းကြောင့် ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာဖူးမြော်နိုင်ရန် ရွှေတိဂုံစေတီတော်ကို နံနက် ၅ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ပေးကြောင်း သိရသည်။

ASH

# ကြံခင်းမြို့နယ် သရက်တောကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ကြံခင်း အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သရက်တောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အဖွဲ့ဝင်များနှင့်အတူ သရက်တောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကြံခင်းမြို့နယ် သရက်တောကျေးရွာ၌ အရှည်ပေ ၁၂၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် ၆၃ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**



# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၄၇၈၀ စိုက်ပျိုးပြီးစီး

**စစ်ကိုင်း အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၁၄၇၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၄၇၆၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၄၇၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းခရိုင်မှာ နေကြာ ၁၄၇၆၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိတော့ နေကြာဧက ၁၄၇၈၀ စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ စစ်ကိုင်းခရိုင်မှာ နေကြာစိုက်ပျိုးမှုကတော့ တိုးတက်ကောင်းမွန်လျက်ရှိပါတယ်။ နေကြာစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေ စိုက်ပျိုးဖို့၊ နေကြာတိုးချဲ့စိုက်ပျိုးဖို့အတွက် လုပ်ဆောင်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၂၂၂ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၂၀၃၀၊ မြောင်မြို့နယ်တွင် ၅၂၉ ဧက စုစုပေါင်း ဧက ၁၄၇၈၀ ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၂၂၂ ဧက၊ မြင်းမူမြို့နယ်တွင် ၂၀၁၅ ဧက၊ မြောင်မြို့နယ်တွင် ၅၂၉ ဧက စုစုပေါင်း ၁၄၇၆၅ ဧက ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်အတွင်း နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများပေးခြင်းတို့ကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရှုခင်းသာပေ မြန်မာပြည်

\- တောအထပ်ထပ်
ဝန်းရံအပ် မြိုင်ယံဝယ်၊
စိမ်းစိုစို ရှုမျှော်ခင်းရယ်က
ရှင်းသန့်ကြည်သွယ်၊
သစ်၊ ဝါးရန့် စုံလင်ဖွယ်
ခုံမင်တယ် အလှထူး၊
လေအနွေ့မှာဖြင့်
မြေတကြော့မှာ မာလာပန်းငယ်တို့၊
တင့်ဆန်းကြည်နူး။

\- တောင်အသွယ်သွယ်
ညီနောင်သဖွယ် ပတ်လည်ဝိုင်း
ရှုတိုင်းရယ် သာယာ၊
တစ်တောင်ပေါ် တစ်တောင်ဆင့်လို့
ထူးတင့်ပေရှာ၊
မြေအဆင်း နီ၊ ပြာ၊ ဝါ
စုံလင်စွာ အရောင်များ၊
မကြုံဖူးပါဘု
အစုံမြူးစရာ သဘာဝရယ်က
ရွှင်ပျဖွယ်သား။

\- တောအထပ်ထပ် တောင်အသွယ်သွယ်
ရှုခင်းရယ် ဘယ်မက
ဆန်းလှတဲ့ မြန်မာမြေ(ပြည်)၊
တွင်းထွက်စုံ ဒေသထွက်ရယ်က
ပေါလျက်မသွေ၊
စီးပွားရေး အချက်အချာမြေ
သာယာပေ ပြည်တစ်ဝှမ်း၊
မြစ်၊ ချောင်း၊ အင်း၊ အိုင်
တောဂနိုင် ရှုခင်းများရယ်နှင့်
ပျော်ပါးရွှင်လန်း။ ။

**ခင်မောင်မြင့်**

# ရေနံချောင်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ရေနံချောင်း အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အလယ်ကန်-ဖောင်းကွဲ ကျေးရွာချင်းဆက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးနှင့် တာဝန်ခံ အင်ဂျင်နီယာများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရေနံချောင်းမြို့နယ် အလယ်ကန်-ဖောင်းကွဲ ကျေးရွာချင်းဆက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ)က လုပ်ငန်းများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

အလယ်ကန်-ဖောင်းကွဲ ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်ခြောက်ဖာလုံ၊ အကျယ် ၁၈ ပေ၊ မြေသား တာပေါင်တင်ခြင်းနှင့် အမြင့် ရှစ်လက်မရှိ မြေနီခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၂၁၇၆ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဩဂုတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက အလယ်ကန်ကျေးရွာ၊ ဖောင်းကွဲကျေးရွာရှိ အိမ်ခြေ ၃၃၉ အိမ်၊ လူ ၁၅၅၃ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**သုသု**

# ရာဇဝတ်တရားရုံး၏စီရင်ချက်သည် တရားမရုံးအပေါ်အတည်မဖြစ်ပါ

**စိန်လှိုင်ဖိုလ်**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဖြစ်ပွားခဲ့သော တရားမအမှုတစ်ခုဖြစ်ပါသည်။ ဒေါ်ခိုင်ခိုင်မြင့်က ရေခဲစက်ဟောင်းလမ်းနှင့် မရမ်းချိုလမ်းမကြီး ဆုံရာထိပ်ရှိ ဓာတ်တိုင်အောက် ရေမြောင်းပေါ်တွင် သစ်သားပြားနှင့်ခင်းကာ ဆိုင်တည်ဆောက်၍ ထမင်းဟင်းနှင့် မုန့်များရောင်းချသည်။ ဦးကျော်မျိုးဟန်သည် ဒေါ်ခိုင်ခိုင်မြင့်ဆိုင်မှ ဓာတ်တိုင် သုံး၊ လေးတိုင်ခန့်အကွာတွင် ထက်မည္ဘအမည်ရှိ ဆီဆိုင်ဖွင့်လှစ်ပြီး ဓာတ်ဆီ၊ ဒီဇယ်ဆီများကို ရောင်းချသည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၉ ရက် ညနေ ၅ နာရီခန့်တွင် ဆီဆိုင်မှဆီများ ရေမြောင်းအတွင်းစီးဝင်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒေါ်ခိုင်ခိုင်မြင့်၏ ဈေးဆိုင်အောက်ရှိ ရေမြောင်းအတွင်းသို့ ဆီများရောက်ရှိပြီး ထပ်မံပေါက်ကွဲမီးလောင်ခဲ့ရာ ဈေးဆိုင်တွင်နေထိုင်သူ ဒေါ်ခိုင်ခိုင်မြင့် မီးကူးစက်လောင်ကျွမ်းခံရပြီး ပုသိမ်ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၂၃ ရက်ကြာအောင် တက်ရောက်ဆေးကုသခံခဲ့ရသည်။ မီးလောင်ခံရခြင်းကြောင့် ခန္ဓာကိုယ်တွင် ဒဏ်ရာများရရှိပြီး လမ်းကောင်းစွာမလျှောက်နိုင်တော့သဖြင့် ဈေးဆိုင်ကို ရောင်းချနိုင်ခြင်းမရှိတော့ကြောင်း၊ ဦးကျော်မျိုးဟန်၏ ဆီဆိုင်မှ မီးကူးစက်လောင်ခြင်းခံရသဖြင့် ဒေါ်ခိုင်ခိုင်မြင့်မှာ ထိခိုက်ဒဏ်ရာရမှုအပေါ် ဆေးကုသခဲ့ရခြင်း၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရခြင်း၊ ဈေးဆိုင်ရောင်းချသည့် လုပ်ငန်းပျက်စီးစေမှုအတွက် နစ်နာကြေးရထိုက်သူဖြစ်ကြောင်း အထွေထွေနစ်နာကြေး ငွေကျပ်သိန်း ၂၀၀ ရလိုမှု စွဲဆိုခဲ့သည်။

ပုသိမ်ခရိုင်တရားရုံးက ဦးကျော်မျိုးဟန်သည် ဒေါ်ခိုင်ခိုင်မြင့် မီးလောင်ကျွမ်းခံရမှုနှင့်ပတ်သက်၍ နစ်နာကြေး ငွေကျပ် ၃၃၀၀၀၀ ပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ တရားလိုတောင်းဆိုသော နစ်နာကြေးငွေကျပ်သိန်း ၂၀၀ ပေးရန် တာဝန်ရှိသည်ဆိုခြင်းမှာ မမှန်ဘဲ အထွေထွေနစ်နာကြေးငွေကျပ်သိန်း ၅၀ ပေးရန်တာဝန်ရှိကြောင်း သုံးသပ်ဆုံးဖြတ်၍ ဒီကရီချမှတ်ခဲ့သည်။ ဦးကျော်မျိုးဟန်က ကျေနပ်မှုမရှိ၍ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံဝင်ရောက်ခဲ့ရာ အထွေထွေနစ်နာကြေးငွေကျပ်သိန်း ၅၀ ပေးစေရန်ချမှတ်သည့် မူလခရိုင်တရားရုံး၏ အမိန့်အစား နစ်နာကြေးငွေကျပ်သိန်း ၃၀ ကို စရိတ်နှင့်တကွပေးစေရန် ပြင်ဆင်မိန့်ချမှတ်ခဲ့ပါသည်။

ထို့ကြောင့် ဒေါ်ခိုင်ခိုင်မြင့်က ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၀ ပြည့်နှစ် တရားမအယူခံမှုအမှတ်-၁၉၉ ကိုလည်းကောင်း၊ ဦးကျော်မျိုးဟန်က ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၀ ပြည့်နှစ် တရားမအယူခံမှုအမှတ်-၂၅၈ ကိုလည်းကောင်း တင်သွင်းခဲ့ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အယူခံမှုနှစ်မှုစလုံးအတွက် စိစစ်သုံးသပ်ဆုံးဖြတ်ခဲ့ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုတွဲကိုလေ့လာရာ ဦးကျော်မျိုးဟန်၏ထက်မည္ဘဆီဆိုင်သည် ဒေါ်ခိုင်ခိုင်မြင့်၏ စားသောက်ဆိုင်မှ ဓာတ်တိုင် သုံး၊ လေးတိုင်ခန့်ကွာဝေးကြောင်း၊ ၎င်းဆိုင်နှစ်ခုကြားတွင် ခိုင်ရွှေစင် သောက်ရေသန့်အိမ်၊ ဦးစီစီဟန်၏ နေအိမ်တို့ရှိပြီး ဒေါ်ခိုင်ခိုင်မြင့်ဈေးဆိုင်မှာ ရေမြောင်းကိုခွလျက်ဆောက်ထားကြောင်း တွေ့ရသည်။ ရေမြောင်းတစ်လျှောက် ခိုင်ရွှေစင် သောက်ရေသန့်အိမ်နှင့် ဦးစီစီဟန်၏ နေအိမ်ကြားတွင် တစ်ကြိမ် မီးထတောက်ခဲ့သည်။ ဒေါ်ခိုင်ခိုင်မြင့် ဈေးဆိုင်အောက်တွင် ထပ်မံမီးတောက်ခဲ့ကြောင်း တွေ့ရသည်။

ဒေါ်ခိုင်ခိုင်မြင့်ဆိုင်အောက် ရေမြောင်းအတွင်းမှ မီးထတောက်သဖြင့် မျက်နှာကိုမီးကူးစက်လောင်ကျွမ်းပြီး တစ်ကိုယ်လုံးမီးဟပ်သွားခဲ့သဖြင့် ဆေးရုံတွင် ၂၃ ရက်ကြာ တက်ရောက်ကုသခဲ့ရခြင်း၊ မီးလောင်ခံရသည့်အတွက် ခြေထောက်နှစ်ချောင်း၊ လက်နှစ်ဖက်၊ ရှေ့ရင်ဘတ်နှင့် မျက်နှာတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း၊ အဆိုပါဒဏ်ရာနှင့်ပတ်သက်၍ ဦးကျော်မျိုးဟန်က ဆေးကုသစရိတ်ကို တာဝန်ယူကြောင်းပြောဆိုကာ ပံ့ပိုးငွေကျပ် ၃၃၀၀၀၀ ပေးအပ်ခဲ့ကြောင်းတို့မှာ အငြင်းမပွားပေါ်ပေါက်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဦးစွာအမှုကိုစိစစ်ဖော်ထုတ်ခဲ့သည်။

မီးသတ်စခန်းမှူး ဦးနိုင်လင်း(လိုပြ-၄)က မီးလောင်ရသည့်အကြောင်းရင်းမှာ လမ်းသွားလမ်းလာတစ်ဦးက ဆီဆိုင်ဘေးရေမြောင်းသို့ ဆေးလိပ်မီးပစ်ချရာမှ မီးလောင်မှုဖြစ်ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထွက်ဆိုထားသည်။ တရားပြိုင်၏ ဆီဆိုင်ကို သန့်ရှင်းရေးပြုလုပ်ရာတွင်တံမြက်စည်းဖြင့် ရေမြောင်းအတွင်းသို့လှည်းချလေ့ရှိကြောင်း၊ တရားလိုပြသက်သေများက ထောက်ခံထွက်ဆိုထားကြပြီး တရားပြိုင်ဘက်မှလည်း ငြင်းဆိုထားမှုမရှိကြောင်း၊ အချင်းဖြစ်နေရာမှာ ရေမြောင်းဖြစ်ပြီး ရေများစီးဆင်းလျက်ရှိရာ ရေချည်းသာဖြစ်လျှင် စီးဆင်းနေသောရေမြောင်းမှ မီးထတောက်ရန်အကြောင်းမရှိကြောင်း ရုံးတော်က ဝေဖန်သုံးသပ်ခဲ့သည်။

ဦးဝင်းညွှန့်(ပြိုင်ပြ-၁)ကလည်း "ရေမြောင်းအတွင်းတွင် မိုးတွင်းဖြစ်၍ ရေများရှိနေသည့်အပြင် ဓာတ်ဆီဆိုင်မှ လှည်းကျင်းချလိုက်သော ပေါက်ကွဲစေတတ်သည့်ဓာတ်ဆီများ ပါဝင်နေသည်ကို သိသလားဆိုက ရေတော့ပါမည်။ ဆီလည်းအနည်းအကျဉ်းပါမည်ဖြစ်သည်"ဟု ထွက်ဆိုထားကြောင်း၊ ရေမြောင်းတစ်လျှောက်ရှိ ဦးစီစီဟန်၏ နေအိမ်နားနှင့် ခိုင်ရွှေစင်သောက်ရေသန့် အိမ်ရှေ့အနီးတွင် မီးတောက်တစ်ခုဖြစ်ပေါ်ခဲ့ပြီး တရားလို၏ဈေးဆိုင်အောက်ရှိရေမြောင်းအတွင်းမှ ထပ်မံပေါက်ကွဲ မီးလောင်ခဲ့သည့်အနေအထားအရ ရေမြောင်းအတွင်း တရားပြိုင်၏ဆီဆိုင်မှ စီးဝင်လာသော ဆီများကြောင့်သာ ယခုကဲ့သို့ ရေမြောင်းတစ်လျှောက်မီးတောက်ခဲ့သည့် အနေအထားဖြစ်ကြောင်း ရုံးတော်က စိစစ်သုံးသပ်ခဲ့သည်။

အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ပုသိမ်မြို့နယ်တရားရုံးက ရာဇသတ်ကြီးပုဒ်မ-၂၈၅ တွင် ဦးကျော်မျိုးဟန်ကို စွဲချက်မတင်မီ လွှတ်ခဲ့သည်။ **ပြစ်မှုဆိုင်ရာတရားရုံး၏စီရင်ချက်သည် တရားမရုံးနှင့်မသက်ဆိုင် တရားမရုံးအပေါ်အတည်မဖြစ်ကြောင်း မင်္ဂလာသုစ ဆန်စက်လီမိတက်နှင့် ဦးသန်းခိန်အမှု ၁၉၆၆ ခုနှစ်၊ မ.တ.စ (ရုံးချုပ်) စာ-၇၉၄ တွင်** လမ်းညွှန်ထားသည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ရည်ညွှန်းခဲ့ပါသည်။

ယခုအမှုတွင်ဆုံးဖြတ်ရန်ပြဿနာသည် ရာဇသတ်ကြီးပုဒ်မ-၂၈၅ ပါ ပြစ်မှုကို ကျူးလွန်ရာရောက်၊ မရောက်ဟူသော ဆုံးဖြတ်ရန်ပြဿနာနှင့် တူညီခြင်းမရှိကြောင်း မြန်မာနိုင်ငံတရားဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ-၁၃(၃)အရ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း၊ တရားမနစ်နာမှုဥပဒေပါ ပေါ့ဆမှုဆိုသည်မှာ ဆောင်ရွက်ရန်တာဝန်ရှိသည့်အလျောက် သာမန်အမြော်အမြင်ရှိသူတစ်ဦး လုပ်ကိုင်ဆောင်ရွက်မည့်ကိစ္စကို မဆောင်ရွက်ခြင်းကြောင့်သော်လည်းကောင်း၊ သာမန်အမြော်အမြင်ရှိသူတစ်ဦး မဆောင်ရွက်သည့်ကိစ္စကို ဆောင်ရွက်ခြင်းကြောင့်သော်လည်းကောင်း၊ သူတစ်ပါး၏ ခန္ဓာကိုယ်ကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ထိခိုက်နစ်နာစေခြင်းဖြစ်သည်။

အမှုတွင် ဦးကျော်မျိုးဟန်သည် မီးဘေးအန္တရာယ်ဖြစ်စေနိုင်သော လောင်စာဆီများကို အထူးဂရုစိုက်၍ ထိန်းသိမ်းဆောင်ရွက်ရန်တာဝန်ရှိသော်လည်း ပေါ့ဆမှုရှိခဲ့ကြောင်း၊ ၎င်း၏ပေါ့ဆမှုကြောင့် ဒေါ်ခိုင်ခိုင်မြင့်ကို ထိခိုက်နစ်နာစေခဲ့ကြောင်း သက်သေခံချက်များ ပေါ်ပေါက်နေသည်ကို အယူခံရုံးတော်က ဖော်ထုတ်စိစစ်ခဲ့ပါသည်။

ခရိုင်တရားရုံးနှင့် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တို့ကလည်း ဒေါ်ခိုင်ခိုင်မြင့် မီးလောင်ခံရ၍ ထိခိုက်မှုတွင် ဦးကျော်မျိုးဟန်က လျော်ကြေးပေးရန်တာဝန်ရှိကြောင်းနှင့်ပတ်သက်၍ တညီတညွတ်တည်း ဆုံးဖြတ်ထားသည်ကိုတွေ့ရကြောင်း၊ ဦးကျော်မျိုးဟန်က ဒေါ်ခိုင်ခိုင်မြင့် ဆေးကုသစရိတ်များ ကုန်ကျခံပေးမည်ဖြစ်ကြောင်းပြောဆို၍ ပံ့ပိုးကြေးများပေးအပ်ခဲ့ကြောင်းလည်း အမှုတွင်ပေါ်ပေါက်ကြောင်း၊ ဓာတ်ဆီစက်သုံးဆီများကို စနစ်တကျမစွန့်ပစ်ဘဲ ရေမြောင်းအတွင်းသို့ အလွယ်တကူစွန့်ပစ်ခဲ့ရာမှ မီးလောင်ကျွမ်းမှုကိုလွယ်ကူစေပြီး ဒေါ်ခိုင်ခိုင်မြင့်၌ ဒဏ်ရာများရရှိခဲ့သည့်အခြေအနေတွင် ဦးကျော်မျိုးဟန်အနေဖြင့် တာဝန်မကင်းဟုဆိုရမည်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထောက်ရှုဝေဖန်စိစစ်သုံးသပ်ခဲ့ပါသည်။

ဒေါ်ခိုင်ခိုင်မြင့်အနေဖြင့် နစ်နာကြေးငွေတောင်းခံရာတွင် ဆေးရုံတက်ရောက်ကုသခဲ့သည့်အတွက် ကုန်ကျစရိတ်များနှင့်ပတ်သက်၍ တိတိကျကျတွက်ချက်တောင်းခံထားမှုမတွေ့ရကြောင်း၊ ၎င်း၏ ဈေးဆိုင်လုပ်ငန်းပျက်စီးသည်ဟုဆိုသော်လည်း ဆုံးရှုံးပျက်စီးသည့် တန်ဖိုးမတွေ့ရကြောင်း၊ ၎င်းရထိုက်သည့်နစ်နာကြေးကို ခိုင်ခိုင်မာမာထွက်ဆိုတင်ပြမထားကြောင်း၊ ကိုယ်စိတ်ဆင်းရဲခြင်းဖြစ်ရမှုအပေါ်တွင်မူ ငွေကြေးနှင့် တွက်ချက်နိုင်မည်မဟုတ်ကြောင်း ရုံးတော်က ဝေဖန်စိစစ်သုံးသပ်ခဲ့ပါသည်။

**တန်ရှူကင်းပါ-၃ နှင့် စောချိန်ပွန်ပါ-၂ အမှုတွင် အထွေထွေလျော်ကြေးငွေကို မည်မျှပေးသင့်ကြောင်း သတ်မှတ်ရန်ကိစ္စမှာ စက်ခဲသည့်ကိစ္စရပ်ဖြစ်သော်လည်း တရားသူကြီးက အမှုမ်းကုန်ကြိုးစား၍ ချင့်ချိန်ရမည်ဖြစ်သည်**ဟု လမ်းညွှန်ထားကြောင်း၊ အထွေထွေလျော်ကြေးမည်မျှပေးသင့်သည်ကို သတ်မှတ်ရန်ခက်ခဲသော ကိစ္စတစ်ရပ်ဖြစ်သည့်အတွက် ဦးကျော်မျိုးဟန်အနေဖြင့် ဒေါ်ခိုင်ခိုင်မြင့် ဆေးရုံတက်စဉ် လူမှုရေးအရ ပံ့ပိုးကြေးအဖြစ် ငွေကျပ် ၃၃၀၀၀၀ ပံ့ပိုးပေးခဲ့သည့်အခြေအနေများ၊ ဒေါ်ခိုင်ခိုင်မြင့် ထိခိုက်နစ်နာခံစားရမှု အခြေအနေများကို မြန်မာနိုင်ငံတရားဥပဒေဆိုင်ရာအက်ဥပဒေပုဒ်မ-၁၃(၃)အရ တရားမျှတမှု၊ သာတူညီမျှမှုနှင့် ကောင်းမြတ်သော အသိစိတ်ရှိမှုတို့အရ ထည့်သွင်းစဉ်းစား၍ အထွေထွေနစ်နာကြေးငွေကျပ်သိန်း ၃၀ ကို စရိတ်နှင့်တကွ ပေးစေရန်ချမှတ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီသည် မှန်ကန်မျှတသည့်အတွက် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမတွေ့ရကြောင်းသုံးသပ်၍ အယူခံမှုများကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဒေါ်ခိုင်ခိုင်မြင့် ဦးကျော်မျိုးဟန် (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးလှဟန်)နှင့် ဦးကျော်မျိုးဟန် (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးလှဟန်)နှင့် ဒေါ်ခိုင်ခိုင်မြင့် ၂၀၂၀ ပြည့်နှစ် တရားမအယူခံမှုအမှတ်-၁၉၉ နှင့် ၂၅၈ တို့ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

❖ မီးသတ်စခန်းမှူး ဦးနိုင်လင်း(လိုပြ-၄)က မီးလောင်ရသည့် အကြောင်းရင်းမှာ လမ်းသွားလမ်းလာတစ်ဦးက ဆီဆိုင်ဘေးရေမြောင်းသို့ ဆေးလိပ်မီးပစ်ချရာမှ မီးလောင်မှုဖြစ်ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထွက်ဆိုထားသည်။ တရားပြိုင်၏ဆီဆိုင်ကို သန့်ရှင်းရေးပြုလုပ်ရာတွင် တံမြက်စည်းဖြင့် ရေမြောင်းအတွင်းသို့ လှည်းချလေ့ရှိကြောင်း၊ တရားလိုပြသက်သေများက ထောက်ခံထွက်ဆိုထားကြပြီး တရားပြိုင်ဘက်ကလည်း ငြင်းဆိုထားမှုမရှိကြောင်း၊ အချင်းဖြစ်နေရာမှာ ရေမြောင်းဖြစ်ပြီး ရေများစီးဆင်းလျက်ရှိရာ ရေချည်းသာဖြစ်လျှင် စီးဆင်းနေသော ရေမြောင်းမှ မီးထတောက်ရန်အကြောင်းမရှိကြောင်း ရုံးတော်က ဝေဖန်သုံးသပ်ခဲ့သည်။ ❖

# ပုသိမ်မြို့နယ် ရွှေသောင်ယံကမ်းခြေသို့ စက်တင်ဘာလအတွင်း ခရီးသွားဦးရေ ၁၆၅၅၀ ထိ လာရောက်လည်ပတ်



**ပုသိမ် အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေကို စက်တင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၁၆၅၅၀ ထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပုသိမ်မြို့နယ်မှ ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ခရီးသွား ၁၀၄၅၅ ဦးထိသာ လာရောက်လည်ပတ်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ တစ်လတာကာလအတွင်း ပြည်တွင်းနှင့် ပြည်ပခရီးသွားဦးရေ ၁၆၅၅၀ ထိလာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ရွှေသောင်ယံကမ်းခြေကို ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ပြည်တွင်းခရီးသွားတွေအပြင် ပြည်ပခရီးသွားတွေပါ လာရောက်လည်ပတ်ခဲ့ပါတယ်။ မိုးရာသီဖြစ်ပေမဲ့ ခရီးသွားဧည့်သည်တွေ မပြတ် လာရောက်ခဲ့ပါတယ်။ ရုံးပိတ်ရက်နဲ့ အဖိတ်နေ့၊ ဥပုသ်နေ့တွေမှာ လာရောက်တဲ့ခရီးသွား များပါတယ်။ ကမ်းခြေတွေကိုလာတဲ့ခရီးသွားတွေက သိသိသာသာကို မြင့်တက်ခဲ့တာပါ။ ကမ်းခြေကိုလာတဲ့ခရီးသွားတွေ များတော့ ဟိုတယ်တွေနဲ့ အခြားကမ်းခြေကလုပ်ငန်းတွေ ပိုမိုအဆင်ပြေလာပါတယ်"ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေသို့ စက်တင်ဘာလအတွင်း လာရောက်လည်ပတ်ခဲ့သည့် ခရီးသွားဦးရေ ၁၆၅၅၀ တွင် ပြည်ပခရီးသွားဦးရေ ၂၀၀၀ ထိ ပါဝင်လာရောက်လည်ပတ်ခဲ့ကြောင်း၊ အဆိုပါကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်များ အပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာအလုံးရေစုစုပေါင်း ၂၀ ကျော်ဖြင့် ကမ်းခြေသို့လာသည့် ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စု ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် နေကြာအပါအဝင် အခြား ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်စေရန်အတွက် ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများကို စနစ်တကျဖြည့်သွင်းထားစေလိုကြောင်း၊ အရင်းအတိုးများ ပေးဆပ်ရာတွင်လည်း သတ်မှတ်ကာလအတွင်း အလေးထား ပေးဆပ်စေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်း၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ရွာမကျေးရွာရှိ နေကြာအပါအဝင် အခြား ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၃၀၊ စိုက်ပျိုးဧက ၃၂ ဒသမ ၂၅ အတွက် ငွေကျပ် ၁၀၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# တန့်ယန်းမြို့နယ် ခုံကွတ်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တန့်ယန်း အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၇၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တန့်ယန်းမြို့နယ် ခုံကွတ်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ခုံကွတ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါခုံကွတ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ဖြန့်ကျောက်ခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၇၅ သန်းဖြင့် တန့်ယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နီလာ**



# ဖန်းမောက်မြို့နယ်တွင် မိုးစပါး ၃၈၈၅၇ ဧက စိုက်ပျိုးပြီးစီး

**ဖန်းမောက် အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၈၈၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၈၈၅၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဖန်းမောက်မြို့နယ်မှာ မိုးစပါးဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ မိုးစပါးဧက လျာထားချက်ပြည့်မီ အောင်စိုက်ပျိုးနိုင်ခဲ့တယ်။ မနှစ်ကလဲ မိုးစပါးဧက လျာထားချက်ထက်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အထွက်ကောင်းဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ဖန်းမောက်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးအတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖန်းမောက်မြို့နယ်တွင် မိုးစပါးများစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိစိုက်ပျိုးခဲ့ကြရာ မိုးစပါး ၃၈၈၅၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ညောင်ရွှေမြို့နယ် သပြေကုန်းအောက်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ရွှေ အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပုံမှုကျေးရွာအုပ်စု သပြေကုန်းအောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မြမြဆွေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပုံမှုကျေးရွာအုပ်စု သပြေကုန်းအောက်ကျေးရွာတွင် ခေတ်မီစံပြကျေးရွာစီမံကိန်း(Smart Village) ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ခုနစ်လက်မ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က လုပ်ငန်းများ အရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပုံမှုကျေးရွာအုပ်စု သပြေကုန်းအောက်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာတွင်း လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) ရန်ပုံငွေကျပ် ၁၉ ဒသမ ၅ သန်းဖြင့် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်တင်ဘာလ ဒုတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်နိုး(မလှိုင်)**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ပလင်ငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အထွေထွေမတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ် (၅)ပေ (၂)လက်မ၊ ကိုယ်အလေးချိန် ပေါင် (၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန် အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၀-၉-၂၀၂၃ ရက်နေ့မှ ၂၆-၁၀-၂၀၂၃ ရက်နေ့အတွင်းနီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအထွေထွေမတန်းအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီး သူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ် လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ (၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်း တပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီးသတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်) သင့်လျော်ရာ လက်ရုံး ဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

DAGON

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

## ဝန်ထမ်းအလိုရှိသည်

(1) **အရောင်းဝန်ထမ်း** မ (5) ဦး
- အသက် (18) နှစ်မှ (25) နှစ်အတွင်းဖြစ်ရမည်။
- ပညာအရည်အချင်း အထက်တန်းပြီးသူ (သို့) ကျောင်းဆက်မတက်သူဖြစ်ရမည်။

(2) **Cashier ဝန်ထမ်း** မ (2) ဦး

(3) **ဂိုဒေါင်ဝန်ထမ်း** မ (5) ဦး
- အမှတ်စဉ် (2),(3)အတွက် Computer Basic နှင့် Excel ကျွမ်းကျင်ရမည်။

**ဆက်သွယ်ရန်**။ 110လမ်း၊72×73 ကြား၊ အိမ်အမှတ် (ဆ-8/89)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
Ph;09-772888905

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
**Email Address – accm@accm.gov.mm၊**
**Website Address – http://www.accm.gov.mm**

တိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



တိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

စာပေ မြင့်မှ လူမျိုး တင့်မည်

ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

❖ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကမဏ္ဍိုင်ကြီး သုံးခုဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာတို့ ဟန်ချက်ညီရန် အရေးကြီး...

❖ မီဒီယာသည် မဏ္ဍိုင်ကြီးသုံးခုကို မယိမ်းယိုင်စေရေး တည့်မတ်ပေးသည့် မဏ္ဍိုင်တစ်ခုပင်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဧပြီ ၅ ရက်တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် ပဲခူးမြို့တို့ရှိ ရေဘေးသင့်ပြည်သူများကို လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျောက်ကုတင်ကျေးရွာအုပ်စု ကဒစ်ကျေးရွာ၊ မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာနှင့် တိုက်ကြီးမြို့နယ် ဖလုံကျေးရွာအုပ်စု စပါးကိုင်းကျေးရွာတို့၌ အောက်တိုဘာ ၉ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်နယ်မြေခံ တပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို ရေဘေးကင်းလွတ်သည့် နေရာများနှင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ ကူညီကယ်ဆယ်ရွှေ့ပြောင်းခြင်း၊ မော်တော်ယာဉ်များသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့တွင် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၂၀ ကော်လံ ၁** ☆

## မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်

**(၁၀-၁၀-၂၀၂၃)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

## အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာ

**ကြေညာချက်အမှတ် (၁/၂၀၂၃)**

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၀ ရက်

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သောတောင်သူလယ်သမားများအတွက် သင့်တင့်မျှတသောဈေးနှုန်းနှင့် ဈေးကွက်ဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့်စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊အမှော်၊ဖုန်၊သဲ၊ခဲကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏

**စာမျက်နှာ ၁၉ ကော်လံ ၁** ❑



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563